## ကျမ်းစာ သမိုင်း အမေးအဖြေ

# ဓမ္မဟောင်းကျမ်း သမိုင်း

(ဘုရားသခင်၏ကတိတော်ပဋိညာဉ်တရားဖွင့်ဟခြင်း)

Seniors(Level III)
Book 1 of 2

by Rev John A Heys
edited by J J Lim
with invaluable contributions by David Higgs

February 2011 edition

**ကျမ်းစာ သမိုင်း အမေးအဖြေ - ဓမ္မဟောင်းကျမ်း သမိုင်း**

(ဘုရားသခင်၏ကတိတော်ဖွင့်ပဋိညာဉ်တရားဟာခြင်း)

(Seniors - Book 1/2)

by Rev John A Heys
edited by J.J. Lim
with invaluable contributions by Ps David Higgs

Original version by Rev John A Heys is property of the Protestant Reformed Churches of America
J.J. Lim edited version © 2011 by Pilgrim Covenant Church.

Myanmar Language Version © Gratia Dei Sola Media

Blk 203B, Henderson Road, #07-07, Singapore 159546.
Website: www.gdsmedia.org
Email: gdsmedia.sg@gmail.com

All rights reserved

Translated by Zam Lam Thang, David
dzlthang@gmail.com

**(အသင်းတော်အတွင်း ကန့်သတ်)**

## နိဒါန်း

ဤအမေးအဖြေစာအုပ်သည် ကမ္ဘာဦးကျမ်း ၃း၁၅ ၌ဖော်ပြထားသောအကြောင်းအရာများပေါ်မှာ အခြေခံထားသည်။ ဤကျမ်းပိုဒ်သည် ပထမဦးဆုံးသောဂတိတော်၊ ပထမဦးဆုံးသောသတင်းကောင်း နှင့်ပတ်သက်သောကတိတော်ကြေငြာချက်ဖြစ်သည်။ ဓမ္မဟောင်းကျမ်းသမိုင်းတစ်ခုလုံးသည် ထိုဖွင့်ဟသောကတိတော်ပင်ဖြစ်သည်။

ထိုကြောင့် ဖန်ဆင်းခြင်းမှခရစ်တော်မွေးဖွားသည့်အချိန်အထိကာလအပိုင်းလေးခုဖြင့်ပိုင်းခြားထားပြီး ကာလတစ်ခုစီတိုင်းမှာ အသင်းတော်နှင့်ပတ်သက်သောကတိတော်ပြီးမြောက်အောင်မြင်ပြည့်စုံခြင်းအားဖြင့် အဆုံးသတ်သည်။ ကတိတော်ပြည့်စုံခြင်းငါးခုတို့မှာ- ရေလွှမ်းမိုးခြင်း၊ ပင်လယ်နီ ဖြတ်သန်းခြင်း၊ ကတိထားတော်မူသောပြည်တွင် ငြိမ်သက်မှုရရှိခြင်းနှင့်ရန်သူများအားလုံးအပေါ် ဒါဝိဒ်၏အောင်မြင်မှုနှင့်ရှောလမုန်မင်းကြီး၏ ကြွယ်ဝချမ်းသာမှု၊ ကျွန်ခံသည့်နေရာမှ ပြန်လာခြင်းနှင့် ခရစ်တော်မွေးဖွားခြင်း စသည်တို့ဖြစ်သည်။ခြောက်ခုမြောက်ပြည့်စုံခြင်းသည် အသက်ကြီးတန်းများအတွက်ထုတ်ဝေသော ဓမ္မသစ်ကျမ်းသမိုင်းထဲတွင်ဖော်ပြထားပါသည်။ထိုစာအုပ်ထဲတွင် နောက်ဆုံးသောပြည့်စုံခြင်းဖြစ်သော အမြဲတမ်းစောင့်ထိန်းရမည့်ဥပုသ်နေ့ကိုပေးအပ်ရန် ဘုန်းတန်ခိုးတော်ဖြင့် ခရစ်တော်ကြွလာခြင်းအကြောင်းလည်း ဖော်ပြထားသည်။

ယုံကြည်သူများသည် မိမိကိုယ်ကို သစ္စာကင်းမဲ့စွာနေထိုင်ကြသော်လည်း ကျွန်ုပ်တို့အပေါ်ထား ရှိသောဘုရားသခင်၏ကတိတော်သည် သစ္စာရှိစွာဖြင့်ရပ်တည်သော သမ္မာကျမ်းစာနှင့်ပတ်သက်သည့်သမ္မာတရားကို အခန်းကဏ္ဍတစ်ခုစီတိုင်းတွင် အထူးပြုဖော်ပြထားပါသည်။

ကလေးငယ်တစ်ဦးသည် သမ္မာတရားအကြောင်းကို မိမိကိုယ်ကိုလေ့လာပြီး စိတ်ထဲတွင် စွဲစွဲမြဲမြဲ စိတ်စွဲလမ်းရန်အတွက်ရည်ရွယ်၍ ဤစာအုပ်ထုတ်ဝေခြင်းဖြစ်သည်။

အမေရိကနိုင်ငံတွင်ရှိသောProtestant Reformed Churches ကျမ်းစာသင်ကျောင်း၌ ပါမောက္ခဖြစ်သော Rev. GM Ophoff ၏ညွှန်ကြားမှုကိုအသိအမှတ်ပြုရန် ထောက်ခံအပ်ပါသည်။ သူ၏ ညွှန်ကြားမှုသည် ဤစာအုပ်ထဲတွင်ရှိသောအမေးအဖြေများအတွက် မရှိမဖြစ်လိုအပ်ပြီး၊ ဤစာအုပ်ထဲတွင် ရှိသောလမ်းညွှန်မှုများ၏အခြေခံအုတ်မြစ်လည်းဖြစ်သည်။

ကျွန်ုပ်တို့၏သားသမီးများကသမ္မာတရားကိုချစ်မြတ်နိုးရန် ဤစာအုပ်ကိုအသုံးပြုခြင်းအားဖြင့် လမ်းညွှန်ချက်အပေါ် ဘုရားသခင်က အထူးကောင်းချီးပေးပါရန်ဆုတောင်းပေးပါသည်။ "လိုချင်သောသူသည်တတ်နိုင်သည်မဟုတ်။ ပြေးသောသူသည်လည်းတတ်နိုင်သည်မဟုတ်။ ကျေးဇူးပြုသောဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏"(ရောမ ၉း၁၆)။

-Rev J A Heys, 1961

ဤစာအုပ်ငယ်(၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ)သည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ အတွင်း အမေရိကနိုင်ငံ PRC ၌အသုံးပြုခဲ့သောစာအုပ်မှ ကိုးကားထားခြင်းဖြစ်သည်။ စာတည်းဖြတ်ခြင်းနှင့်စာမူများပြန်ဖတ်ခြင်းပြုလုပ်သောအခါ စာစီမှားယွင်းမှုနှင့် အခြားမှားယွင်းမှုများကိုပြန်ပြင်ထားသည်။ ကလေးငယ်များက အကြောင်းအရာအပေါ်စိတ်ရှုပ်ထွေးမှုမရှိစေရန်အတွက်မေးခွန်းများနှင့်အဖြေများအချို့တို့ကိုလည်းပြုပြင်ထားပါသည်။ ကျမ်းစာအခြေပြုခြင်း သို့မဟုတ် ကျမ်းစာနှင့်ညှိနှိုင်းရန် အားနည်းချက်ရှိသောမေးခွန်းများနှင့်အဖြေများအား ပို၍အသုံးဝင်သောစကားလုံးများဖြင့် အစားထိုးလဲလှယ်ထားပါသည်။ Pastor David Higgs မှတည်းဖြတ်ခြင်းပြုလုပ်ပေးခဲ့ပြီး၊ မေးခွန်းများအပေါ် ကောင်းမွန်ကြောင်း ကျေနပ်စွာဖြင့်ထောက်ခံခဲ့ပါသည်။ ဆာလံကျမ်းကိုအလွတ်မရသေးသောသူများအတွက် (Scottist Psalter) မှအလွတ်ကျက်ရန် ကျမ်းချက်များကိုလည်း ထည့်သွင်းပေးထားသည်။

ဤစာအုပ်သည် သမ္မာကျမ်းစာ သမိုင်း အမေးအဖြေအတွက် တတိယအတွဲဖြစ်သည်။ ဤစာအုပ်ကြောင့် ကလေးငယ်များ၏ဉာဏ်အစွမ်းအစများဖွံ့ဖြိုးတိုးတက်တိုးတက်မှုများကို မိဘများက မြင်တွေ့ပါလိမ့်မည်။ သို့သော်လည်း အချို့သောကလေးများသည် မေးခွန်းဆယ်ခုနှင့်ရွေကျမ်းချက်များထက်ပို၍များပြားသောသင်ခန်းစာများကိုလည်း သင်ယူနိုင်သည်။ ကလေးများကျက်မှတ်နိုင်သောဉာဏ်ရည်ထက်မြက်ပါက သူတို့သည် အခြားအဆင့်တစ်ခုဖြစ်သော Westminster Shorter Catechism များပြန်လည်အလွတ်ကျက်ရန် အုပ်ထိန်းသူမိဘများအား ကျွန်တော်တိုက်တွန်းလိုပါသည်။ သမ္မာကျမ်းစာဖော်ပြချက်အရ ကလေးငယ်များသည်သမ္မာတရားသိရှိအမြစ်တွယ်ရန်အတွက် ကျွန်ုပ်တို့၏အနည်းငယ်ကြိုးပမ်းမှုအပေါ် ဘုရားသခင်ကောင်းချီးပေးပါစေ။

_Ps J J Lim, 2011

## အပိုင်း (၁)
## ဖန်ဆင်းခြင်းမှရေလွှမ်းမိုးခြင်းအထိ
## သင်ခန်းစာ (၁)
## ဘုရားသခင်သည်အရာခပ်သိမ်းကိုဖန်ဆင်းတော်မူခြင်း

၁။ ကျမ်းစာအုပ်၏ပထမဦးဆုံးသောကျမ်းပိုဒ်ကိုဖော်ပြပါ။
"အစအဦး၌ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏"(ကမ္ဘာ၊ ၁း၁)။

၂။ ကျမ်းစာအုပ်ကိုဤကျမ်းပိုဒ်ဖြင့်အစပြုခြင်းသည် အဘယ်ကြောင့်အရေးပါသနည်း။
အကြောင်းမှာ ဘုရားသခင်သည်ထာဝရဖြစ်ကြောင်းနှင့်သူက ရုပနှင့်အရူပအရာတို့ကို ဖန်ဆင်းထားခြင်းကြောင်းဤကျမ်းပိုဒ်ကဖော်ပြထားသောကြောင့်ဖြစ်သည်(ဆာလံ၊ ၉၀း၂)။

၃။ ဘုရားသခင်သည် အရာခပ်သိမ်းကို မည်ကဲ့သို့ဖန်ဆင်းခဲ့သနည်း။
"ထာဝရဘုရားမြွက်ဆိုတော်မူသည်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍၊ မိန့်တော်မူသည့်အတိုင်းတည်လျက်ရှိ၏(ဆာလံ၊ ၃၃း၉)။

၄။ ဘုရားသခင်သည် အဘယ်ကြောင့် အရာခပ်သိမ်းကိုဖန်ဆင်းခဲ့သနည်း။
ဘုရားသခင်သည် သူ၏ဘုန်းနာမတော်ကို ထင်ရှားစေရန်အတွက် အရာခပ်သိမ်းကို ဖန်ဆင်းထားခြင်းဖြစ်သည်(ဗျာဒိတ်၊ ၄း၁၁)။

၅။ လူသားများဖန်ဆင်းခြင်းထဲတွင် အရေးကြီးသောမည်သည့်အရာကို ကျွန်ုပ်တို့တွေ့ရှိရသနည်း။
"ဘုရားသခင်သည် မိမိပုံသဏ္ဍာန်တော်နှင့်အညီလူကိုဖန်ဆင်းတော်မူ၏"ဟု ကျမ်းစာက ဖော်ပြထားပါသည်(ကမ္ဘာ၊ ၂း၇)။

၆။ လူသားများသည် အခြားဖန်ဆင်းထားသောအရာများထဲမှ ထူးခြားမှုရှိသူဖြစ်ပါသလော။
ဘုရားသခင်ကိုသိရှိနိုင်ရန်၊ သူနှင့်စကားပြောနိုင်ရန်၊ သူ့ကိုချစ်နိုင်ရန် လူကိုဖန်ဆင်းထားခြင်းဖြစ်သည် (ကမ္ဘာ၊ ၂း၇ (ခ))။

၇။ ဘုရားသခင်သည် လူကို မည်ကဲ့သို့ဖန်ဆင်းခဲ့သနည်း။
"ထာဝရအရှင် ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်းတော်မူ၍ သူ၏နှာခေါင်း ထဲသို့ဇီဝအသက်ကိုမှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သောသတ္တဝါဖြစ်လေ၏"(ကမ္ဘာ၊ ၂း၇)။

၈။ အာဒံသည် အခြားဖန်ဆင်းခံသောအရာများအတွက် မည်သူဖြစ်သနည်း။
သူသည် ဘုရားသခင်အောက်၌ ၎င်းတို့၏ရှင်ဘုရင်ဖြစ်ခဲ့သည်(ကမ္ဘာ၊ ၁း၂၆၊ ဆာလံ ၈း၆-၈)။

၉။ အာဒံသည် မည်သည့်နေရာတွင် နေထိုင်ခဲ့သနည်း။
ပါရဒိသုခဘုံကိုပုံဆောင်သော ဧဒင်ဥယျာဉ်ထဲတွင်နေထိုင်ခဲ့သည်(ဗျာဒိတ်၊ ၂၂း၁-၂)၊

၁၀။ ဧဒင်ဥယျာဉ်အလယ်ရှိတမူထူးခြားသောအပင်များမှာ မည်သည့်အပင်များဖြစ်ကြသနည်း။
အသက်ပင် နှင့် ကောင်းမကောင်းသိကျွမ်းရာအပင် တို့ဖြစ်ပါသည် (ကမ္ဘာ၊ ၂း၁၇၊၃း၂၄)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၁၄၅း၁-၄

၁- အကျွန်ုပ်၏အရှင်ဘုရင်၊ အကျွန်ုပ်၏ဘုရားသခင်၊ကိုယ်တော်ကိုချီးမြှောက်ပါမည်။ ကမ္ဘာအဆက်ဆက်နာမတော်ကိုကောင်းကြီးပေးပါမည်။
၂- ကိုယ်တော်ကိုနေ့တိုင်းအစဉ်ကောင်းချီးပေးပါမည်။ နာမတော်ကမ္ဘာအဆက်ဆက်ချီးမွမ်းပါမည်။
၃- ထာဝရဘုရားသည် ကြီးမြတ်၍အလွန်ချီးမွမ်းဘွယ်ဖြစ်တော်မူ၏။ ကြီးမြတ်တော်မူခြင်းကိုစစ်၍မကုန်နိုင်။
၄ - အမှုတော်တို့ကိုလူမျိုးအဆက်ဆက်တို့သည်ချီးမွမ်း၍တန်ခိုးတော်များကိုဟောပြောကြပါလိမ့်မည်။



## သင်ခန်းစာ (၂)
## သတင်းကောင်းကတိတော်

၁။ ကောင်းမကောင်းသိကျွမ်းရာအသစ်ပင်အကြောင်းနှင့်ပတ်သက်၍ဘုရားသခင်သည် အာဒံထံမည်သည့်အရာကို မလုပ်ရန် တားမြစ်ခဲ့သနည်း။
"ထိုအပင်၏အသီးကိုမစားရ။ စားသည့်နေ့တွင်ဧကန်အမှန်သေရမည်"ဟုတားမြစ်ခဲ့သည် (ကမ္ဘာ၊ ၂း၁၇)။

၂။ ဤဘုရားသခင်၏ပညတ်တော်ကို အာဒံက စောင့်ထိန်းခဲ့သလော။
သူသည် ဧဝပေးသောအသီးကိုစားခြင်းအားဖြင့် ချိုးဖောက်ခဲ့သည် (ကမ္ဘာ၊ ၃း၆)။

၃။ မစားရဟုတားမြစ်ထားသောအသီးကိုစားရန် မည်သူက ဧဝကို ဖြားယောင်းသွေးဆောင်ခဲ့သနည်း။
"သင်တို့သည်ဧကန်အမှန်သေရမည်မဟုတ်" ဟုစာတန်သည် သူမကို လိမ်ညာပြီး သွေးဆောင်ဖြားယောင်းခဲ့သည် (ကမ္ဘာ၊ ၃း၄-၅)။

၄။ အာဒံနှင့်ဧဝတို့သည် အပြစ်ရှိသောသူများဖြစ်ကြောင်း သိရှိခဲ့ကြသလော။
"သူတို့သည် အဝတ်အချည်းစည်းရှိသည်ကိုသိမြင်လျှင်၊ ဝတ်ရန် သင်္ဘောသဖန်းပင်အရွက်တို့ကိုချုပ်စပ်၍ခါးစည်းကိုလုပ်ကြ၏(ကမ္ဘာ၊ ၃း၇)။

၅။ ဘုရားသခင်သည် သူတို့၏ကိုယ်ခန္ဓာများကို မည်ကဲ့သို့ဖုံးအုပ်ပေးခဲ့သနည်း။
ဘုရားသခင်သည် သားရေဖြင့်ဝတ်လုံကိုပြုလုပ်၍သူတို့ကိုဝတ်ခြုံစေခဲ့သည်(ကမ္ဘာ၊ ၃း၂၁)။

၆။ ဘုရားသခင်သည် စာတန်အားမည်ကဲ့သို့ ကျိန်ဆဲခဲ့သနည်း။
"သင်နှင့်မိန်းမကို၎င်း၊ သင်၏အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကို၎င်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည်သင်၏ခေါင်းကိုကြိတ်လိမ့်မည်။ သင်သည်သူ၏ဖနှောင့်ကိုကြိတ်လိမ့်မည်"(ကမ္ဘာ၊ ၃း၁၅)။

၇။ ဤကျမ်းပိုဒ်ထဲတွင် အလွန်အရေးကြီးသောအကြောင်းအရာသည် မည်သည့်အရာဖြစ်သနည်း။
သတင်းကောင်းနှင့်ပတ်သက်သောကတိတော်ကို ပထမဦးဆုံးကြေငြာခြင်းဖြစ်သည်။

၈။ မိန်းမ၏အမျိုးအနွယ်သည် ဧဝ၏သားသမီးများအားလုံးကို ရည်ညွှန်းလိုခြင်းဖြစ်သလော။
ခရစ်တော်နှင့် သူ၏လူအားလုံးကို ရည်ညွှန်းလိုခြင်းဖြစ်သည် (ဂလာတိ၊ ၃း၁၆၊ ဖေက်၊ ၅း၃၀)။

၉။ စာတန်၏အမျိုးအနွယ်ဟုဖော်ပြရာတွင် ဘုရားသခင်သည် မည်သူတွေကို ရည်ညွှန်းလိုခြင်းဖြစ်သနည်း။
ဘုရားသခင်နှင့်သူ၏အသင်းတော်ကိုမုန်းတီးသောသူများနှင့် တခါတရံ ကျမ်းစာထဲတွင် "လောက"ဟုခေါ်ဆိုသောသူများကို ဘုရားသခင်က ရည်ညွှန်းလိုခြင်းဖြစ်သည် (၁ယော၊ ၃း၁၃)။

၁၀။ ဘုရားသခင်သည် ဤကတိတော်ကို မည်ကဲ့သို့ပြည့်စုံစေခဲ့သနည်း။
သူသည် မိမိလူများအားစာတန်၏တန်ခိုးမှကယ်တင်ရန် ကယ်တင်ရှင်ကို စေလွှတ်ခဲ့သည် (ရောမ၊ ၁၆း၂၀)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ* - ဆာလံ၊ ၁၄၅း၅-၆

၅- အကျွန်ုပ်သည်လည်းတန်ခိုးအာနုဘော်တော်ကို၎င်း၊ အံ့ဘွယ်သောအမှုတော်တို့ကို၎င်း မြွက်ဆိုပါမည်။
၆ သူတို့သည် ကြောက်မက်ဘွယ်သောအမှုတော်တို့၌ပါသော တန်ခိုးကိုမြွက်ဆို၍၊ အကျွန်ုပ်သည်လည်း၊ ကြီးမြတ်တော်မူခြင်းအကြောင်းကိုကြားပြောပါမည်။

## သင်ခန်းစာ (၃)
## အပြစ်တရားကြီးထွားလာခြင်း

၁။ အာဒံနှင့်ဧဝတို့အပေါ် ဘုရားသခင်ပေးထားခဲ့သော ပထမဦးဆုံးသားနှစ်ယောက်သည်မည်သူတွေဖြစ်လာခဲ့ကြသနည်း။
ဆိုးသောကာဣနသည် စာတန်၏အမျိုးအနွယ်ဖြစ်လာခဲ့ပြီး၊ ဖြောင့်မတ်သောအာဗေလသည် မိန်းမ၏အမျိုးအနွယ်ဖြစ်လာခဲ့သည် (၁ ယော၊ ၃း၁၂၊ မဿဲ၊ ၂၃း၃၅)။

၂။ အာဗေလသည် မိန်းမ၏အမျိုးအနွယ်ဖြစ်ကြောင်း မည်ကဲ့သို့ထင်ရှားလာခဲ့သနည်း။
သူသည် ဘုရားသခင်ထံတိရိစ္ဆာန်တစ်ကောင်နှင့်ယဇ်ပူဇော်ခြင်းအားဖြင့် ကြွလာမည့်ခရစ်တော်ကိုယုံကြည်ကြောင်း သူသက်သေခံခဲ့သည် (ကမ္ဘာ၊ ၄း၄၊ ဟေဗြဲ၊ ၁၁း၄)။

၃။ ကာဣနသည် စာတန်၏အမျိုးအနွယ်ဖြစ်ကြောင်း မည်ကဲ့သို့ထင်ရှားလာခဲ့သနည်း။
ယဇ်ပူဇော်ခြင်းအတွက် ဘုရားသခင်၏လမ်းညွှန်မှုများကို လျစ်လျူရှုကာ မြေကြီးမှရရှိသော အသီးအနှံဖြင့်ယဇ်ပူဇော်ခြင်းပြု၍ ဖြောင့်မတ်သူအာဗေလကို သတ်ဖြတ်ခဲ့သည်(ကမ္ဘာ၊ ၄း၈)။

၄။ အာဗေလအသတ်ခံခြင်းအားဖြင့် စာတန်၏ရည်ရွယ်ချက်သည် မည်သည့်အရာဖြစ်သနည်း။
ခရစ်တော်ဖွားမြင်ခြင်းတားဆီးရန်အတွက်ဖြစ်သည် (ကမ္ဘာ၊ ၃း၁၅၊ ၁ယော၊ ၃း၁၂)။

၅။ အာဗေလသေသွားပြီးနောက် ဘုရားသခင်သည်မိန်းမ၏အမျိုးအနွယ်အားမည်ကဲ့သို့တည်မြဲစေခဲ့သနည်း။
ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသူ ရှေသကိုသူတို့အပေါ် မှာပြန်လည်ပေးအပ်ခဲ့သည်(ကမ္ဘာ၊ ၄း၂၅)။

၆။ စာတန်၏ဆိုးသွမ်းသောအမျိုးအနွယ်များသည် မိမိကိုယ်ကိုတဖန် ထင်ရှားခဲ့သလော။
လောကတွင် လူတွေ၏ဆိုးသွမ်းမှုသည်ပို၍ကြီးမားလာခဲ့သည်(ကမ္ဘာ၊ ၆း၅)။

၇။ လူတွေ၏ဤဆိုးသွမ်းမှုသည် မည်ကဲ့သို့ကြီးထွားလာခဲ့သနည်း။
"မြေကြီးပေါ် မှာ လူအပြစ်ကြီး၍အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်ရှိသည်. . . "(ကမ္ဘာ၊ ၆း၅)။

၈။ ကာဣန၏အမျိုးအနွယ်မှ စာတန်၏အမျိုးအနွယ်ဖြစ်ခြင်းကိုထင်ရှားစေသောသူတစ်ဦးကိုဖော်ပြပါ။
လူပျိုတစ်ယောက်ကိုသတ်ခဲ့သောကြောင့် သူ၏မိန်းမနှစ်ဦးအတွက် ဂုဏ်ယူဝါကြွားသော လူဆိုးကြီးလာမက်ဖြစ်သည်(ကမ္ဘာ၊ ၄း၂၃)။

၉။ ရှေသ၏အမျိုးအနွယ်မှ မိန်းမ၏အမျိုးအနွယ်ဖြစ်ခြင်းကို ထင်ရှားစေသောသူတစ်ဦးကိုဖော်ပြပါ။
ဘုရားသခင်နှင့်အတူသွားလာသော ဧနောက်ဖြစ်သည်(ကမ္ဘာ၊ ၅း၂၄)။

၁၀။ မိန်းမ၏အမျိုးအနွယ်များသည် မိမိတို့၏အစွမ်းအစများအားဖြင့် ဘုရားသခင်ကို အစေခံသလော။
အစေမခံပါ။ "အကြောင်းမူကား၊'သင်တို့သည် အလိုရှိစေခြင်းငှါ၄င်း၊ အကျင့်ကျင့်စေခြင်းငှါ၄င်း၊ သင်တို့အထဲ၌စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား၊ ဘုရားသခင်ပေတည်း" (ဖိလိပ္ပိ၊ ၂း၁၃)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ- ဆာလံ၊ ၁၄၅း၇-၈*

၇- သူတို့သည်အလွန်ကောင်းမြတ်တော်မူခြင်းကို အောက်မေ့ဘို့ရာမြွက်ဆို၍၊ ဖြောင့်မတ်တော်မူခြင်းအရာကို ရွှင်လန်းစွာသီချင်းဆိုကြပါလိမ့်မည်။
၈- ထာဝရဘုရားသည် ကျေးဇူးပြုတတ်သောသဘော၊ သနားစုံမက်တတ်သောသဘောနှင့်ပြည့်စုံ၍၊ ခန္တီတော်နှင့်ဂရုဏာတော်သည် အလွန်ကြွယ်ဝပါ၏။



## သင်ခန်းစာ (၄)
## သဘောင်္ကြီး၌လွတ်မြောက်ခြင်း

၁။ ရေလွှမ်းမိုးသည့်အချိန်တွင် ယုံကြည်သူအများအပြားရှိသလော။
မရှိပါ။ ဘုရားသခင်ကိုယုံကြည်ကိုးစားသောသူခြောက်ဦးသာကျန်ရစ်ခဲ့သည်(၁ပေ၊ ၃း၂၀)။

၂။ နောဧသည် မယုံကြည်သူများရှေ့မှောက်တွင်မိမိယုံကြည်ခြင်းကို မည်ကဲ့သို့ထင်ရှားစေခဲ့သနည်း။
ဘုရားသခင်စေခိုင်းသည့်အတိုင်း သင်္ဘောကြီးတည်ဆောက်ခဲ့သည် (ဟေဗြဲ၊ ၁၁း၇)။

၃။ ထိုအချိန်တွင်ဆိုးသောသူများအကြောင်းကိုမည်ကဲ့သို့သိရှိရသနည်း။
သူတို့သည် ရေလွှမ်းမိုးခြင်းမရှိနိုင်ဟုယူဆခဲ့ကြသောကြောင့် အပြစ်ပြစ်ဒုစရိုက်ပြုလုပ်ခဲ့ကြသည် (မဿဲ၊ ၂၄း၃၇-၃၉)။

၄။ ထိုအချိန်တွင် ဘုရားသခင်သည် မိမိလူများအတွက် မည်သည့်အရာကိုပြုလုပ်ပေးခဲ့သနည်း။
ဆိုးသွမ်းသူများဖျက်စီးခြင်းခံရသည့်ရေလွှမ်းမိုးမှုတွင်ဘုရားသခင်သည် သူ၏လူများကိုမူ ကယ်တင်ခဲ့သည် (၁ပေ၊ ၃း၂၀)။

၅။ ဘုရားသခင်သည် နောဧထံ မည်သည့်ကတိတော်မြတ်ကို ပေးအပ်ခဲ့သနည်း။
"သင်၌မူကား၊ ငါ့ပဋိညာဉ်ငါတည်စေမည်"ဟုပြောခဲ့သည်(ကမ္ဘာ၊ ၆း၁၈)။

၆။ ထိုကတိတော်၏အနက်အဓိပ္ပါယ်မှာ အဘယ်နည်း။
ဘုရားသခင်သည် သူ၏မိတ်ဆွေဖြစ်ပြီး သင်္ဘောထဲတွင် သူနှင့်သူ၏မိသားစုကယ်တင်မည့်အကြောင်းဖြစ်သည် (၁ပေ၊ ၃း၂၀၊ ဟေဗြဲ၊ ၁၁း၆-၇)။

၇။ ဘုရားသခင်သည် ထိုကတိတော်ကို တည်စေခဲ့သလော။
ဘုရားသခင်သည် ရေလွှမ်းမိုးစေခြင်းအားဖြင့် ဆိုးသောသူများအားလုံးဖျက်ဆီးခဲ့ပြီး နောဧနှင့်သူ၏မိသားစုများကိုသာ ကယ်တင်ခဲ့ခြင်းအားဖြင့် တည်စေခဲ့သည်(ကမ္ဘာ၊ ၇း၂၁-၂၃)။

၈။ ထိုကတိတော်၏အခြားသောအနက်အဓိပ္ပါယ်မှာ အဘယ်နည်း။
ဘုရားသခင်သည် သူစေလွှတ်မည့်ကယ်တင်ရှင်အားဖြင့် သူ၏အသင်းတော်ကယ်တင်မည့်အကြောင်းကိုလည်းဆိုလိုသည် (၁ပေ၊ ၃း၂၀၊ မဿဲ၊ ၁း၂၁၊ ၁ကော၊ ၁၂း၁၂-၁၃)။

၉။ ဆိုးသွမ်းသောသူများဖျက်ဆီးခြင်းသည် အဘယ်ကြောင့် အရေးပါသနည်း။
ဘုရားသခင်က သူ၏လူများအား ပထမဦးဆုံး ရွေးနှုတ် ကယ်တင်သည့်အဖြစ်အပျက်ဖြစ်သည်။ (ကမ္ဘာ၊ ၃း၁၅)။

၁၀။ ဆိုးသွမ်းသောသူများဖျက်ဆီးခြင်းအကြောင်းအားဖြင့် အခြားမည်သည့်အရာကိုသိစေသနည်း။
လောကီသားများအတွက် နောက်ဆုံးသောတရားစီရင်ခြင်းဖြစ်သည် (မဿဲ၊ ၂၄း၃၇-၃၉)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ- ဆာလံ၊ ၁၄၅း၉*

၉- ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့အား
ကျေးဇူးပြုချင်သောသဘောရှိ၍
ဖန်ဆင်းတော်မူသမျှတို့ကို
သနားစုံမက်တော်မူ၏။

# အပိုင်း (၂)
# ရေလွှမ်းမိုးခြင်းပြီးနောက်ကမ္ဘာမှ ပင်လယ်နီဖြတ်သန်းသည့်အထိ
## သင်ခန်းစာ (၅)
## အပြစ်တရားပြန်လည်ပေါ်ပေါက်လာခြင်း

၁။ ရေလွှမ်းမိုးခဲ့ပြီးနောက် အပြစ်တရားသည် မည်ကဲ့သို့ထင်ရှားလာခဲ့သနည်း။
နောဧသည် စပျစ်ရည်မူးပြီး ဟာမသည် သူ့အဖေ၏အပြစ်အတွက် နှစ်ထောင်းအားရခဲ့သည်(ကမ္ဘာ၊ (၉း၂၀-၂၂)

၂။ ရေလွှမ်းမိုးခြင်းမှလွတ်မြောက်သောသူများ၏အပြစ်အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား မည်သည့်အရာကို သွန်သင်ခဲ့သနည်း။
ရေလွှမ်းမိုးခြင်းသည် အပြစ်တရားအပေါ်မှာ နောက်ဆုံးအောင်မြင်မှုမဟုတ်ကြောင်း ဘုရားသခင်သည် သွန်သင်ခဲ့သည်(ဟေဗြဲ၊ ၁၁း၇၊ ရောမ၊ ၃း၂၁-၂၆)။

၃။ လူများသည် သူတို့အပြစ်ကြောင့်မည်သည့်အရာလိုအပ်သည်ဟုခံစားခဲ့ကြသနည်း။
သူတို့သည် မိမိအပြစ်မှကယ်တင်မည့်သူ ကယ်တင်ရှင်လိုအပ်သည်ဟုခံစားခဲ့ကြသည်(ဟေဗြဲ၊ ၁၁း၁၃)။

၄။ ရှေမနှင့်ယာဖက်တို့သည် ဖြောင့်မတ်သောသူများဖြစ်ကြကြောင်း မည်ကဲ့သို့ထင်ရှားစေခဲ့ကြသနည်း။
သူတို့သည် ဟာမကဲ့သို့ဝမ်းမြောက်ခြင်းမရှိဘဲ သူတို့အဖေ၏အဝတ်အချည်းစည်းရှိခြင်းကိုအဝတ်ဖြင့် ဖုံးအုပ်ပေးခဲ့ကြသည် (ကမ္ဘာ၊ ၉း၂၁-၂၃)။

၅။ နောဧသည် သူ၏အပြစ်ကိုမုန်းကြောင်း ထင်ရှားစေသောအရာတစ်စုံတစ်ခုရှိသလော။
ရှေမနှင့်ယာဖက်ကိုကောင်းချီးပေးခဲ့ပြီး၊ ဟာမ၏သားခါနန်ကိုကျိန်စာတိုက်ခဲ့သည် (ကမ္ဘာ၊ ၉း၂၄-၂၇)။

၆။ ရေလွှမ်းမိုးခဲ့ပြီးနောက် အပြစ်တရားသည် အလျှင်အမြန် ကြီးထွားလာခဲ့သလော။
မကြာမီ ဆိုးသောလူများက ဗာဗုလုန်ရဲတိုက်ကြီးတည်ဆောက်ခြင်းအားဖြင့် ဘုရားသခင်ကို ပုန်ကန်ခဲ့ကြသောကြောင့် အပြစ်တရားသည် အလျှင်အမြန် ကြီးထွားလာခဲ့သည်(ကမ္ဘာ၊ ၁၁း၁-၄)။

၇။ ဆိုးသွမ်းသောလူများသည် အဘယ်ကြောင့်ရဲတိုက်ကြီးကိုတည်ဆောက်ခဲ့ကြသနည်း။
သူတို့သည် ဘုရားသခင်ကို စိန်ခေါ်ပြီး၊ ခိုင်ခံ့သောနိုင်ငံတော်ထူထောင်ကာ အတူတကွတနေရာတွင် နေထိုင်လိုခဲ့ကြသည်(ကမ္ဘာ၊ ၁၁း၄)။

၈။ ဘုရားသခင်သည် ထိုအမှုကို မည်ကဲ့သို့ဖျက်ဆီးခဲ့သနည်း။
ဘုရားသခင်သည် သူတို့၏စကားကို ရှုပ်ထွေးစေပြီး နေရာအနှံ့သို့ထွက်ပြေးစေခဲ့ကြသည်(ကမ္ဘာ၊၁၁း၇-၈)။

၉။ ဘုရားသခင်သည် သူတို့အား အဘယ်ကြောင့်ကွဲလွင့်စေပြီးတခြားနေရာတွင်နေထိုင်စေခဲ့သနည်း။
ဆိုးသွမ်းသောလောကတွင် သူ၏လူများကိုပွါးများစေမည့်အကြောင်းဖြစ်သည်(ကမ္ဘာ၊ ၁၂း၁-၃)။

၁၀။ ဤအချိန်မှစ၍ဘုရားသခင်၏လူများကို မည်သည့်နေရာတွင် ကျွန်ုပ်တို့တွေ့ရှိနိုင်ကြသနည်း။
ရှေမ၏အမျိုးအနွယ်နှင့်ယာဖက်၏အမျိုးအနွယ်ထဲတွင်တွေ့ရှိသည် (ကမ္ဘာ၊ ၉း၂၆-၂၇)။

*ထပ်မံဖြည့်စွက်ထားသောရွေကျမ်းချက်များ-* ဆာလံ၊ ၁၄၅း၁၀-၁၂

၁၀-အိုထာဝရဘုရား၊ ဖန်ဆင်းတော်မူသမျှတို့သည် ဂုဏ်တော်တို့ကိုပြ၍၊ ကိုယ်တော်၏သန့်ရှင်းသူတို့သည် ကောင်းကြီးပေးကြပါ၏။

၁၁-နိုင်ငံတော်၏ဘုန်းတော်ကိုင်း၊ တန်ခိုးတော်ကိုင်း၊ ဟောပြောမြွက်ဆိုသဖြင့်

၁၂-တန်ခိုးပါသောအမှုတော်များနှင့်နိုင်ငံတော်၏ဘုန်းအသရေများကို လူသားတို့အားဘော်ပြကြပါ၏။



## သင်ခန်းစာ (၆)
## အာဗြဟံအားရွေးကောက်တော်မူခြင်း

၁။ ဘုရားသခင်သည် အဘယ်ကြောင့်အာဗြဟံအားခါလဒဲပြည် ဥရမြို့မှခေါ်ဆောင်သွားခဲ့သနည်း။
ကတိတော်ပြည်တွင်အာဗြဟံနှင့်သူ၏အမျိုးအနွယ်များအပေါ်သူ၏ပဋိညာဉ်တည်မြဲစေလိုသောကြောင့် ဖြစ်သည်(ကမ္ဘာ၊ ၁၂း၁)။

၂။ နောဧအပေါ်ဘုရားသခင်ပြုခဲ့သောပဋိညာဉ်သည် အာဗြဟံအပေါ်ပြုခဲ့သောပဋိညာဉ်ဖြစ်သလော။
ဖြစ်ပါသည်။အာဗြဟံသည် ရှေမ၏အမျိုးအနွယ်ဖြစ်သည်(ကမ္ဘာ၊ ၉း၂၊ ၁၁း၁၁-၂၅)။

၃။ ခါနာန်မြို့သားတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသောသူများဖြစ်ခဲ့ကြသလော။
သူတို့သည် ဟာမ၏အမျိုးအနွယ်ဖြစ်ခဲ့ကြသောကြောင့်ဘုရားသခင်ကို မရိုသေခဲ့ကြပေ(ကမ္ဘာ၊၁၀း၁-၂၀)။

၄။ ဘုရားသခင်သည် အဘယ်ကြောင့် အာဗြဟံအား၎င်းဆိုးသွမ်းသောတိုင်းပြည်သို့စေလွှတ်ခဲ့သနည်း။
ကတိတော်ပြည်တွင် အာဗြဟံသည် သူစိမ်းဖြစ်စေလိုသောကြောင့်ဖြစ်သည်(ကမ္ဘာ၊ ၁၂း၆-၇၊၁၀၊ ဟေဗြဲ၊ ၁၁း၈-၁၀)။

၅။ ကတိတော်ပြည်တွင် ဘုရားသခင်သည် အာဗြဟံအား အဘယ်ကြောင့် သူစိမ်းဖြစ်စေလိုခဲ့သနည်း။
ထိုနယ်မြေသည် ကာလအချိန်မရောက်မီ အာဗြဟံမပိုင်နိုင်သေးသော ခရစ်တော်၌ ထာဝရအမွေတော်ကိုပုံဆောင်လိုသောကြောင့်ဖြစ်သည်(ဟေဗြဲ၊ ၁၀း၁၅-၁၆)။

၆။ ဘုရားသခင်၏ကတိတော်ထဲတွင် အာဗြဟံသည် သူ၏ယုံကြည်ခြင်းကို မည်ကဲ့သို့ထင်ရှားစေခဲ့သနည်း။
သူသည် ဆိုးသောခါနာန်မြို့သူမြို့သားများနှင့်မိတ်ဖွဲ့ရန် ငြင်းဆိုခဲ့သည်(ဟေဗြဲ၊ ၁၁း၉)။

၇။ အာဗြဟံသည်ဘုရားသခင်၏သစ္စာတရားကိုအမြဲတမ်းမကိုးစားကြောင်း မည်ကဲ့သို့ထင်ရှားစေခဲ့သနည်း။
သူသည် မိမိအသက်လုံခြုံမှုအတွက် နှစ်ကြိမ်လိမ်ပြောခဲ့သည်(ကမ္ဘာ၊၁၂း၁၀-၁၃၊ ၂၀း၁-၂)။

၈။ ကတိတော်အတိုင်း အာဗြဟံသည် သားတစ်ဦးရရှိခဲ့သလော။
ဘုရားသခင်သည် အာဗြဟံနှင့်စာရာတို့အသက်ကြီးရင့်လာသောအခါ သားတစ်ဦးချပေးခဲ့သည် (ကမ္ဘာ၊ ၂၁း၁-၅)။

၉။ ဘုရားသခင်သည် အာဗြဟံအား၎င်းကတိတော်သားရရှိရန် အဘယ်ကြောင့်အချိန်ကြာမြင့်စွာ စောင့်ဆိုင်းစေခဲ့သနည်း။
ဣဇာက်သည် ကျေးဇူးတော်အားဖြင့်ရရှိသောသားဖြစ်ကြောင်းကို ထင်ရှားစေလိုသောကြောင့်ဖြစ်သည် (ရောမ၊ ၉း၆-၉၊ ဟေဗြဲ၊ ၁၁း၁၁-၁၂)။

၁၀။ ဣဇာက်အကြောင်းနှင့်ပတ်သက်ပြီးဘုရားသခင်သည် မည်သည့်အရာကို မိန့်တော်မူခဲ့သနည်း။
“ဣဇာက်၌သာသင်၏အမျိုးတည်လိမ့်မည်” (ကမ္ဘာ၊ ၂၁း၁၂)။

*ထပ်မံဖြည့်စွက်ထားသောရွေကျမ်းချက်များ-* ဆာလံ၊ ၁၄၅း၁၃-၁၆

၁၃-ကိုယ်တော်၏နိုင်ငံသည် နိစ္စထာဝရနိုင်ငံဖြစ်၍၊ အာဏာတော်သည်ကာလအစဉ်အဆက်တည်ရပါ၏။ ထာဝရဘုရားသည် လဲသောသူရှိသမျှတို့ကို ထောက်မတော်မူ၏။

၁၄-နှိမ့်ချသောသူအပေါင်းတို့ကို ကြွပင့်တော်မူ၏။

၁၅- ခပ်သိမ်းသောသတ္တဝါတို့သည်ကိုယ်တော်ကိုမျှော်ကြည့်ကြ၍အချိန်တန်မှသူတို့ကိုကျွေးမွေးတော်မူ၏။

၁၆-လက်တော်ကိုဖွင့်၍၊ အသက်ရှင်သောသတ္တဝါအပေါင်းတို့ကိုရောင့်ရဲစေတော်မူ၏။

## သင်ခန်းစာ (၇)
## အာဗြဟံနှင့်ချုပ်ဆိုထားသောပဋိညာဉ်တရား

၁။ ဘုရားသခင်သည် အာဗြဟံအား မည်သည့်ဘွဲ့ရာထူးကိုချပေးခဲ့သနည်း။
ဘုရားသခင်သည် သူ့အား ယုံကြည်သူအားလုံးတို့၏ဖခင်ဖြစ်စေခဲ့သည်(ရောမ၊ ၄း၁၂)။
၂။ အာဗြဟံသည် ယုံကြည်သူအားလုံး၏ဖခင်ဖြစ်ကြောင်း ဘုရားသခင်သည်မည်ကဲ့သို့ထင်ရှားစေခဲ့သနည်း။
သူ၏အမျိုးအနွယ်များသည် သမုဒ္ဒရာသဲလုံးနှင့်အမျှများပြားစေခဲ့သည်(ကမ္ဘာ၊ ၂၂း၁၇)။
၃။ မည်သူသည် ထိုအမျိုးအနွယ်များဖြစ်သနည်း။
ခရစ်တော်နှင့်သူ၏လူများသည် ထိုအမျိုးအနွယ်များဖြစ်ကြသည် (ဂလာတိ၊ ၃း၁၆၊ ၁ကော၊ ၃း၂၃)။
၄။ ဘုရားသခင်သည် အာဗြဟံ၏ယုံကြည်ခြင်းကိုမည်ကဲ့သို့စုံစမ်းစစ်ကြောခဲ့သနည်း။
သူ၏တစ်ဦးတည်းသောသား ဣဇာက်ဖြင့်ယဇ်ပူဇော်ရန် တောင်းဆိုခဲ့သည်(ကမ္ဘာ၊ ၂၂း၁-၂)။
၅။ အာဗြဟံသည် မိမိယုံကြည်ခြင်းကို မည်ကဲ့သို့ထင်ရှားစေခဲ့သနည်း။
သူသည် သားဣဇာက်ဖြင့်ဘုရားသခင်ကိုယဇ်ပူဇော်ရန် လက်ခံခဲ့သည်(ဟေဗြဲ၊၁၁း၁၇-၁၉)။
၆။ ထိုယုံကြည်ခြင်းဆန်းစစ်မှုတွင် ဘုရားသခင်သည် အာဗြဟံအားမည်သည့်အရာကို သွန်သင်ခဲ့သနည်း။
ဘုရားသခင်သည် သူ၏လူများနေရာတွင်သိုးသူငယ်အဖြစ်အစားထိုးမည့်ခရစ်တော်ပြင်ဆင်ပေးလိမ့်
မည့်အရာကို သွန်သင်ခဲ့သည်(ကမ္ဘာ၊ ၂၂း၁၃-၁၄၊ ယောဟန်၊၁း၂၉)။
၇။ ဘုရားသခင်သည် အာဗြဟံနှင့်သူ၏အမျိုးအနွယ်ပေါ်မှာ မည်သည့်ပဋိညာဉ်နိမိတ်လက္ခဏာကို
ပေးအပ်ခဲ့သနည်း။
နှစ်ခြင်းမင်္ဂလာဖြင့်အစားထိုးသောအရေဖျားလှီးခြင်းနိမိတ်လက္ခဏာကိုပေးအပ်ခဲ့သည်(ကမ္ဘာ၊၁၇း၉-၁၄)။
၈။ ဣဇာက်အပေါ်ပဋိညာဉ်တရားတည်မြဲရန် စာရာသည်မည်သည့်အရာကိုလုပ်ဆောင်ခဲ့သနည်း။
ဣရှမေလကိုအိမ်မှနှင်ထုတ်စေခဲ့သည် (ကမ္ဘာ၊ ၂၁း၉-၁၀)။
၉။ အာဗြဟံသည်ဣဇာက်အတွက်မိန်းမရှာပေးရန်သူ့ကျွန်အားအဘယ်ကြောင့်ခါရန်ပြည်သို့စေလွှတ်ခဲ့သနည်း။
ဣဇာက်အားဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောမိန်းမနှင့်ပေးစားလိုသောကြောင့်ဖြစ်သည်။
(ကမ္ဘာ၊ ၂၄း၃-၄)။
၁၀။ ကတိတော်ပြည်သို့မရောက်မီ ဘုရားသခင်သည် အာဗြဟံ၏အမျိုးအနွယ်များကိုမည်သို့ဒဏ်ခတ်ခဲ့သနည်း။
နယ်မြေအသစ်တွင်နှစ်ပေါင်းလေးရာကျွန်ခံလိမ့်မည်ဟုဘုရားသခင်သည် အာဗြဟံထံပြောခဲ့သည်။
(ကမ္ဘာ၊ ၁၅း၁၃)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၁၄၅း၁၇-၁၉

၁၇-ထာဝရဘုရား၏လမ်းခရီးတော်ရှိသမျှတို့သည်ဖြောင့်မတ်၍ခပ်သိမ်းသောအမှုတော်တို့သည် သန့်ရှင်းကြပါ၏။

၁၈-ထာဝရဘုရားသည် ပဌနာပြုသောသူအပေါင်း၊သစ္စာနှင့်တကွပဌနာပြုသောသူအပေါင်းတို့၏အနီးအပါး၌ရှိတော်မူ၏။

၁၉-ကြောက်ရွံ့သောသူတို့၏ အလိုကိုပြည့်စုံစေတော်မူ၏။ ထိုသူတို့၏အော်ဟစ်ခြင်းကိုကြား၍ကယ်တင်တော်မူ၏။



## သင်ခန်းစာ (၈)
## ကတိတော်လူမျိုးပွါးများလာခြင်း

၁။ ကလေးအားလုံးသည် ပဋိညာဉ်ခံယူသောအမျိုးအနွယ်၊ဘုရားသခင်ရွေးကောက်သောအမျိုးအနွယ်များ
မှသာဖွားမြင်ခဲ့ကြသလော။
မဟုတ်ပါ။ထိုအမျိုးအနွယ်မဟုတ်သော ဣဇာက်နှင့်ရေဗက္ကတို့မှသားအမွှာဖွားမြင်ခဲ့သည်(ရောမ၊ ၉း၁၃)။
၂။ ရောမ၉း၁၃ထဲတွင်ဣဇာက်၏သားအမွှာနှစ်ဦးအတွက် ဘုရားသခင်သည်မည်သည့်အရာပြောခဲ့သနည်း။
"ယာကုပ်ကိုငါချစ်၏။ ဧသောကိုမုန်း၏။"
၃။ ယာကုပ်သည် သားဦးအရာကို ရယူရန် မည်ကဲ့သို့ကြိုးပမ်းခဲ့သနည်း။
သူ၏ဖခင်ကိုလိမ်ညာခြင်းအားဖြင့် ကြိုးပမ်းခဲ့သည်(ကမ္ဘာ၊ ၂၇)။
၄။ ဤအမှုသည် အဘယ်ကြောင့် အလွန်မှားယွင်းမှုရှိခဲ့သနည်း။
သူသည် ဘုရားသခင်ကို မကိုးစားသောကြောင့်ဖြစ်သည်(ဆာလံ၊၃၇း၃)။
၅။ ယာကုပ်သည် သားဦးအရာကိုရရှိခဲ့ပြီးနောက် ဧသောသည် မည်သည့်အရာကိုပြုလုပ်ခဲ့သနည်း။
သူသည် မိမိဖခင်သေသောအခါ ယာကုပ်ကိုသတ်ရန် ကြံစည်ခဲ့သည်(ကမ္ဘာ၊ ၂၇း၄၁)။
၆။ ယာကုပ်သည် ဧသော၏အမျက်ဒေါသမှလွတ်မြောက်ရန် ထွက်ပြေးတိမ်းရှောင်သောအခါ ဘုရားသ
သခင်သည် သူ၏အိပ်မက်ထဲတွင် မည်သည့်အရာကိုကတိပြုခဲ့သနည်း။
သူ့အားခါရန်မြို့တွင် စောင့်ထိန်းရန်နှင့်ကတိတော်ပြည်သို့ပြန်ပို့ရန် ကတိပြုခဲ့သည(ကမ္ဘာ၊၂၈း၁၃-၁၅)။
၇။ ယာကုပ်အပေါ်ပြုခဲ့သောပဋိညာဉ်နှင့်စပ်ဆိုင်သောကတိတော်ကို ဘုရားသခင်ကတည်စေခဲ့သလော။
တည်စေခဲ့သည်။ဘုရားသခင်က သူ့အားသားသမီးများနှင့်စည်းစိမ်ဥစ္စာများစွာချပေးခဲ့သည်(ကမ္ဘာ၊ ၃၀)။
၈။ ယာကုပ်သည်ခါနာန်ပြည်သို့ပြန်လာသောအခါ ဘုရားသခင်သည် သူ့အားကောင်းချီးပေးကြောင်း
မည်ကဲ့သို့ ထင်ရှားစေခဲ့သနည်း။
ပဋိညာဉ်တရားသည် သူနှင့်သူ၏သားသမီးများအားဖြင့်ပြည့်စုံလိမ့်မည်ဟု ဘုရားသခင်က ယာကုပ်ထံ
ပြောခဲ့သည်(ကမ္ဘာ၊ ၂၈း၁၃-၁၅)။
၉။ ဘုရားသခင်သည် ယာကုပ်အပေါ် သားသမီးမည်မျှပေးအပ်ခဲ့သနည်း။
ဘုရားသခင်သည် ယာကုပ်အပေါ် သားယောကျ်ား ဆယ်နှစ်ယောက်ပေးခဲ့၍သူတို့နာမည်များသည်
ဣသရေလလူမျိုးများ၏နာမည်ဖြစ်ခဲ့ကြသည်(ကမ္ဘာ၊ ၃၅း၂၂-၂၆)။
၁၀။ ယာကုပ်သားများ၏အသက်တာများ၌မည်သည့်အရာဖြစ်ပျက်ပြန်ခဲ့သနည်း။
သူတို့၏အပြစ်များကိုမထောက်ရှုဘဲ ဘုရားသခင်သည် မိမိသစ္စာတရားကိုသက်သေထူခဲ့သည်။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၁၄၅း၂၀-၂၁

၂၀-ထာဝရဘုရားသည် ကြည်ညိုသောသူအပေါင်းတို့ကိုစောင့်မတော်မူ၏။ မတရားသောသူအပေါင်းတို့ကိုကား၊ ဖျက်ဆီးတော်မူ၏။

၂၁-ထာဝရဘုရားကိုချီးမွမ်းလျက်ငါမြွက်ဆိုမည်။ ခပ်သိမ်းသောလူတို့သည် သန့်ရှင်းသောနာမတော်ကို ကမ္ဘာအဆက်ဆက်ကောင်းကြီးပေးကြပါစေ။

## သင်ခန်းစာ (၉)
## အဲဂုတ္တုပြည်၌ကျွန်ခံသောအချိန်တွင် ဘုရားသခင်၏လူများ

၁။ ယာကုပ်၏သားဆယ်ဦးတို့သည် မည်သည့်ဆိုးသွမ်းသောအမှုကိုပြုလုပ်ခဲ့ကြသနည်း။
သူတို့သည် ယောသပ်အားအဲဂုတ္တုပြည်၌ကျွန်အဖြစ်ရောင်းခဲ့ကြသည် (ကမ္ဘာ၊ ၃၇း၂၇-၃၂)။
၂။ ဘုရားသခင်သည် ယောသပ်အပေါ်ဆိုးသောအမှုပေါ်ပေါက်စေခဲ့သလော။
သူ့ညီအစ်ကိုများသည်အဆိုးပြုခဲ့ကြသော်လည်း၊ဘုရားသခင်သည်ထိုအမှုကို အကောင်းဖြစ်စေခဲ့သည်(ကမ္ဘာ၊ ၅၀း၂၀)။
၃။ အဲဂုတ္တုပြည်၌ဘုရားသခင်သည် ယောသပ်အပေါ်မျက်နှာသာပေးကြောင်းမည်ကဲ့သို့ထင်ရှားစေခဲ့သနည်း။
ဘုရားသခင်သည် သူ့အား ကျွန်ဘဝနှင့်အကျဉ်းသားဘဝမှကယ်နှုတ်ကာ အဲဂုတ္တုပြည်ကိုအုပ်ချုပ်သူအဖြစ်ချီမြှောက်ခဲ့သည်(ကမ္ဘာ၊ ၄၁း၃၉-၄၄)။
၄။ နောက်ပိုင်းတွင် ယာကုပ်၏သားဆယ်ဦးတို့က ယောသပ်အပေါ်သံသယစိတ်ရှိခဲ့ကြသလော။
သံသယစိတ်ရှိခဲ့ကြသည်။သူတို့သည် ယောသပ်အပေါ်သူတို့၏အပြစ်များဝန်ချတောင်းပန်ခဲ့ကြသည်။(ကမ္ဘာ၊ ၄၄း၁၈)။
၅။ ယာကုပ်သည် ယောသပ်အသက်ရှင်သေးကြောင်းသိသောအခါ မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
ဘုရားသခင်၏အမိန့်တော်ကိုနာခံပြီးယာကုပ်သည် သူ၏မိသားစုများနှင့်အတူအဲဂုတ္တုပြည်သို့ပြောင်းရွှေ့နေထိုင်ခဲ့သည်(ကမ္ဘာ၊ ၄၆း၁-၇)။
၆။ ဘုရားသခင်သည် အဘယ်ကြောင့် ယာကုပ်နှင့်သူ၏မိသားစုများအားအဲဂုတ္တုပြည်သို့ခေါ်ဆောင်ခဲ့သနည်း။
ဘုရားသခင်သည် သူ၏လူများအား ခက်ခဲသောအဲဂုတ္တုကျွန်ဘဝမှကယ်နှုတ်ခြင်းအားဖြင့် သူ၏ဘုန်းတန်ခိုးတော်ကို ထင်ရှားစေလိုသောကြောင့်ဖြစ်သည်(ကမ္ဘာ၊ ၄၈း၂၁၊ ၅၀း၂၄၊ တမန်၊ ၇း၆-၇)။
၇။ ဘုရားသခင်သည် ထိုခက်ခဲဆိုးရွားသောကျွန်ဘဝကိုမည်ကဲ့သို့ပေါ်ပေါက်စေခဲ့သနည်း။
သူက ဣသရေလလူမျိုးများအားနှိပ်စက်စေမည့် ဆိုးသွမ်းသောရှင်ဘုရင်တစ်ပါး ပေါ်ပေါက်စေခဲ့သည်(ထွက်၊ ၁း၈-၁၄)။
၈။ ထိုကျွန်ဘဝသည် မည်သည့်အရာကို ပုံဆောင်ထားသနည်း။
ဝိညာဉ်ရေးရာအပြစ်တရားချည်နှောင်ခြင်းကိုပုံဆောင်ထားသည်(လုကာ၊၁း၇၄-၇၅၊ဝတ်ပြု ၁၁း၄၄-၄၅)။
၉။ ကျွန်ဘဝအားဖြင့်ဘုရားသခင်သည် သူ၏လူများအား အခြားမည်သည့်အရာကို သွန်သင်ခဲ့သနည်း။
ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာလျှင် ကယ်တင်ခြင်းရရှိနိုင်ကြောင်း ဘုရားသခင်သည် သူတို့ကိုသွန်သင်ထားပါသည်(ကမ္ဘာ၊ ၁၇း၇၊ ရောမ၊ ၃း၂၉၊ ၁ပေ၊ ၁း၁၅-၂၅)။
၁၀။ ဘုရားသခင်သည် ဣသရေလလူမျိုးများအားမည်သည့်အရာကိုကတိပြုခဲ့သနည်း။
ဘုရားသခင်သည် သူတို့အားခါနာန်ပြည်သို့ပြန်လည်ပို့ဆောင်ရန် ကတိပြုခဲ့သည်(ကမ္ဘာ၊၁၅း၁၃-၁၄)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၁၀၅း၁-၃

၁- ထာဝရဘုရား၏ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလော့။ နာမတော်ကိုပဌနာပြုကြလော့။အမှုတော်တို့ကို လူများတို့အားပြသကြလော့။
၂- ထာဝရဘုရားကိုသီချင်းဆိုကြလော့။ ဆာလံသီချင်းကိုဆိုကြလော့။ အံ့ဘွယ်သောအမှုတော်အပေါင်းတို့ကိုဟောပြောကြလော့။
၃- သန့်ရှင်းသောနာမတော်၌ဝါကြွားဝမ်းမြောက်ကြလော့။ ထာဝရဘုရားကိုရှာသောသူတို့သည် စိတ်နှလုံးရွှင်လန်းကြစေ။



## သင်ခန်းစာ (၁၀)
## ပင်လယ်နီကိုဖြတ်သန်းစေခြင်း

၁။ ဘုရားသခင်သည် သူ၏လူများအားကယ်တင်ရန် မည်သူ့ကိုရွေးကောက်ခဲ့သနည်း။
ဘုရားသခင်သည် မောရှေကိုရွေးကောက်ခဲ့သည်(ထွက်မြောက်၊ ၂း၃)။
၂။။ မောရှေ၏ကလေးဘဝတွင် ဘုရားသခင်က သူ့ကိုမည်ကဲ့သို့ကာကွယ်ခဲ့သနည်း။
ဘုရားသခင်သည် သူ၏အသက်ကို စောင့်ထိန်းခဲ့ပြီးသူ၏မိဘများအိမ်တွင် ဆုံးမသွန်သင်ခြင်းခံယူရန်နည်းလမ်းဖွင့်ပေးခဲ့သည်(ထွက်၊ ၂း၈-၁၀)။
၃။ ဘုရားသခင်ကသူ့ကိုဘုရင်၏နန်းတော်သို့ ပို့ဆောင်ခြင်းသည်မည်သည့်အရာလုပ်ဆောင်ရန်ဖြစ်သနည်း။
သူသည် ဘုရားသခင်၏လူများကို ဦးဆောင်နိုင်ရန်အတွက် ခါနာန်လူမျိုးများ၏ပညာရပ်များကိုလေ့လာသင်ယူရန်အတွက်ဖြစ်သည် (တမန်၊ ၇း၂၂)။
၄။ မောရှေသည် မည်ကဲ့သို့ပညာသင်ယူခဲ့သနည်း။
သူသည် မိဒျန်အရပ်တွင် သိုးထိန်းအဖြစ် နှစ်ပေါင်းလေးဆယ်နေထိုင်ခဲ့သည်(ထွက်၊ ၃း၁)။
၅။ ဘုရားသခင်သည် သူ၏လူများအားကယ်တင်ရန် မောရှေကို မည်ကဲ့သို့ခေါ်ဆောင်ခဲ့သနည်း။
ဘုရားသခင်သည် သူ့အားလောင်ကျွမ်းသောချုံပုတ်မှစကားပြောခဲ့ပြီး၊ ဖာရောဘုရင်ထံ ပြသရန်နိမိတ်လက္ခဏာများပေးအပ်ခဲ့သည်(ထွက်၊ ၃း၁-၁၀၊ ၄း၁-၉)။
၆။ ဖာရောဘုရင်သည် လူများကို ထွက်သွားခွင့်ပြုခဲ့သလော။
မပြုခဲ့ပါ။ ဘုရားသခင်သည် သူအားဖြင့် မိမိတန်ခိုးတော်ကိုပြသရန် သူ၏နှလုံးသားအားမာကျောစေခဲ့သည်(ထွက်၊ ၇း၄၊ ရောမ၊ ၉း၁၇-၁၈)။
၇။ ဘုရားသခင်သည် အဲဂုတ္တုပြည်တွင် သူ၏တန်ခိုးတော်ကို မည်ကဲ့သို့ပြသခဲ့သနည်း။
သူသည်အသက်ရှင်၍စစ်မှန်သောဘုရားဖြစ်ခြင်းကို ဖာရောဘုရင်ထံပြသရန် ကပ်ကြီးဆယ်ပါးကို ဘုရားသခင်က စေလွှတ်ခဲ့သည် (ထွက်၊ ၃း၁၄၊ ၇း၁၄-၁၂း၃၀)။
၈။ နောက်ဆုံးသောကပ်ကြီးသည် အဲဂုတ္တုလူမျိုးများအပေါ်ကျရောက်သည့်အချိန်တွင် ဘုရားသခင်သည်မောရှေနှင့်ဣသရေလလူမျိုးများအပေါ်မည်သည့်အရာကို မိန့်ဆိုခဲ့သနည်း။
ပသခါပွဲကျင်းပရန်မိန့်တော်မူခဲ့သည်(ထွက်၊ ၁၂း၁-၂၈)။
၉။ ပသခါပွဲသည် မည်သည့်အရာကို ပုံဆောင်ထားသနည်း။
ကားတိုင်တော်အပေါ်မှာခရစ်တော်၏အသွေးတော်သွန်းလောင်းခြင်းကိုပုံဆောင်သည်(၁ကော၊ ၅း၇-၈၊ ၁ပေ ၁း၁၈-၂၃)။
၁၀။ ပင်လယ်နီဖြတ်သန်းလွှတ်မြောက်ခြင်းသည် မည်သည့်အရေးကြီးသောအရာကိုသွန်သင်ခဲ့သနည်း။
ဘုရားသခင်သည် သူ၏လူများအားဒုတိယသေခြင်းမှကယ်တင်ခြင်းအကြောင်းကိုသွန်သင်ခဲ့သည်။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၁၀၅း၄

၄- ထာဝရဘုရားနှင့်တန်ခိုးတော်ကိုရှာကြလော့။
မျက်နှာတော်ကိုအစဉ်မပြတ်ရှာကြလော့။

## အပိုင်း (၃)
## ဣသရေလလူမျိုးများခါနာန်ပြည်သို့ထွက်ခွါခြင်းမှ ရှောလမုန်အုပ်ချုပ်သည့်အထိ
## သင်ခန်းစာ (၁၁)
## သဲကန္တာရ၌ပုန်ကန်တော်လှန်ခြင်း

၁။ ဣသရေလလူမျိုးများသဲကန္တာရ၌သွားကြစဉ် မည်သည့်အရာသည် သူတို့အတွက်အဟန့်အတားဖြစ်ခဲ့သနည်း။
သူတို့၏နာခံခြင်းမရှိသည့်စိတ်သည် သူတို့အတွက်အဟန့်အတားဖြစ်ခဲ့သည်(တော၊၂၀း၁-၅။ ၂၁း၅)။

၂။ ဣသရေလလူမျိုးများသည် နာခံခြင်းမရှိသောသူများဖြစ်ကြောင်း မည်သို့ထင်ရှားလာခဲ့သနည်း။
သူတို့က မောရှေနှင့်အာရုန်တို့အား သဲကန္တာရတောထဲတွင် ဆာငတ်သေဆုံးရန်ဦးဆောင်ခဲ့သည်ဟုမ တရားစွပ်စွဲခဲ့ကြခြင်းအားဖြင့် ထင်ရှားစေခဲ့သည်(ထွက်၊ ၁၆း၁-၃၊ ၁၇း၃)။

၃။ သူတို့သည် အဘယ်ကြောင့် မောရှေနှင့်အာရုန်တို့အားပြစ်တင်ဝေဖန်ခဲ့ကြသနည်း။
သူတို့သည် အဲဂုတ္တုပြည်တွင်ရှိသောအစာအဟာရကိုတောင့်တခဲ့ကြပြီး၊ သူတို့လိုအပ်မှုများကိုထောက်ပံ့ပေးရန် ဘုရားသခင်ကိုမကိုးစားကြတော့ပေ(ထွက်၊ ၁၆း၃၊ တောလည်၊ ၁၁း၁-၆)။

၄။ ရေဖိဒိမ်အရပ်၌ ဣသရေလလူမျိုးများသည်မည်သည့်အပြစ်ကို ကျူးလွန်ခဲ့ကြသနည်း။
ဣသရေလလူမျိုးများသည် ရေမရှိသောကြောင့်မောရှေကို ညည်းတွားခဲ့ကြပြီး ဘုရားသခင်ကိုလည်း စုံစမ်းခဲ့ကြသည်(ထွက်၊ ၁၇း၁-၇)။

၅။ ဘုရားသခင်သည် သူ၏သစ္စာရှိခြင်းကို မည်ကဲ့သို့ပြသခဲ့သနည်း။
သူတို့အတွက် ကောင်းကင်မှ မန္နမုန့်ကိုချပေးခဲ့ပြီး၊ ကျောက်ဆောင်မှရေထွက်စေခဲ့သည် (ထွက် ၁၆း၁၄-၁၅၊ ၁၇း၆-၇)။

၆။ ရေဖိဒိမ်အရပ်တွင် ဘုရားသခင်က ဣသရေလလူမျိုးများအပေါ်မည်သည့်မှတ်သားဘွယ်ရာအောင်မြင်မှုကိုပေးအပ်ခဲ့သနည်း။
မောရှေသည် သူ၏လက်များကို ကောင်းကင်ပေါ်သို့မြှောက်ပင့်သည့်အချိန်တွင် ဣသရေလလူမျိုးများသည် အာမလက်လူများကို တိုက်ထုတ်နိုင်ခဲ့ကြသည်(ထွက်၊ ၁၇း၈-၁၆)။

၇။ သိနာတောင်ပေါ်တွင် ဣသရေလလူမျိုးများသည် မည်သည့်ကြီးလေးသောအပြစ်ကိုပြုမိခဲ့ကြသနည်း။
သူတို့သည်နွားသူငယ်ရုပ်တုများကိုပြုလုပ်ပြီးကိုးကွယ်ခဲ့ကြသည်(ထွက်၊ ၃၂)။

၈။ နွားသူငယ်ရုပ်တုများကိုးကွယ်သောအပြစ်က မည်သည့်အရာသို့ပို့ဆောင်ပေးခဲ့သနည်း။။
ရုပ်တုဆင်းတုကိုကိုးကွယ်သောအပြစ်သို့ပို့ဆောင်ပေးခဲ့သည်(တမန်၊ ၇း၃၈-၄၃)။

၉။ ဤအချိန်တွင်ရုပ်တုကိုးကွယ်ခြင်းအတွက် ဘုရားသခင်သည် ဣသရေလလူများကို သတ်ဖြတ်ခဲ့သလော။
ရွေးကောက်ခြင်းခံရပြီးကျန်ကြွင်းသောသူများထောက်ရှုခြင်းအားဖြင့်မသတ်ခဲ့ပေ(ထွက်၊၃၂း၃၀-၃၃း၁၁)။

၁၀။ ထိုအဖြစ်အပျက်အားလုံးတွင် ဘုရားသခင်သည် မည်သည့်အရာကိုထင်ရှားစွာပြသခဲ့သနည်း။
ကျွန်ုပ်တို့သည် ကောင်းမှုကုသိုလ်ကြောင့်မဟုတ်၊ ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းရရှိသည်ကို ထင်ရှားစွာပြသခဲ့သည်(ဧဖက် ၂း၈-၉)၊

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၁၀၅း၅-၆

၅- စီရင်တော်မူသောအံ့ဩဘွယ်တို့ကိုင၄င်း၊ ထူးဆန်းသောအမှုတော်တို့နှင့်နှုတ်ထွက်ပညတ်တို့ကိုင၄င်း၊ အောက်မေ့ကြလော့။

၆- သင်တို့သည်ထာဝရဘုရား၏ကျွန်အာဗြဟံအမျိုး၊ ရွေးကောက်တော်မူသောယာကုပ်အမျိုးအနွယ်တို့ဖြစ်ကြ၏။



## သင်ခန်းစာ (၁၂)
## ဣသရေလလူမျိုးများ ပညတ်တော်ရရှိခြင်း

၁။ ဘုရားသခင်သည် ဣသရေလလူမျိုးများကို အဘယ်ကြောင့် သိနာတောင်ပေါ်သို့ခေါ်ဆောင်ခဲ့သနည်း။
သူတို့သည်ဘုရားသခင်အတွက်မိမိအသက်ဆက်ကပ်ရန်ဖြစ်သည်(ထွက်၊ ၂၁-၂၃း၂၆၊ ဟေဗြဲ၊ ၉)။

၂။ ဘုရားသခင်သည်ဣသရေလလူမျိုးများအားသူ၏လူဖြစ်ရန် မည်သည့်အရာကိုပေးအပ်ခဲ့သနည်း။
ပညတ်တော်ဆယ်ပါး၊လူမှုရေးရာကျင့်ဝတ်နှင့်ပွဲကျင်းပမှုဆိုင်ရာဥပဒေများပေးအပ်ခဲ့သည်(တရား၊ ၁၀း၄)

၃။ ပညတ်တော်ဆယ်ပါးတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အားမည်သည့်အရာကိုတောင်းဆိုခဲ့သနည်း။
“ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့၊ ဥာဏ်ရှိသမျှ၊အစွမ်းသတ္တိရှိသမျှနှင့်ချစ်ကာ၊ကိုယ်နှင့်စပ်ဆိုင်သောသူများကို ကိုယ်နှင့်အမျှချစ်ရမည်”(မာ၊ ၁၂း၃၀-၃၁)။

၄။ သမ္မာကျမ်းစာက လူသားများအကြောင်းကို မည်ကဲ့သို့ဖော်ပြထားသနည်း။
လူသားများ၏စိတ်ထဲတွင် ဘုရားနှင့်လူကိုမုန်းသည့်စိတ်ရှိသည်(ရောမ၊ ၇း၇၊ ဂလာ၊ ၅း၁၉-၂၁)။

၅။ ဣသရေလလူမျိုးများကယ်တင်ခြင်းရရှိရန် ဘုရားသခင်က မည်သို့သွန်သင်ခဲ့သနည်း။
ပညတ်တော်ကိုအသုံးပြုပြီး ခရစ်တော်ကြွလာခြင်းမျှော်လင့်စောင့်စားရန် ဘုရားသခင်က ဣသရေလလူမျိုးများကိုသွန်သင်ခဲ့သည်(ဂလာ၊၃း၂၄)။

၆။ ပညတ်တော်ကလွဲ၍ ဘုရားသခင်သည်ဣသရေလလူမျိုးများအားအခြားမည်သည့်အရာ ကိုပေးအပ်ခဲ့သနည်း။
တဲတော်နှင့်၎င်း၏ပြင်ဆင်မွမ်းမံခြင်းများအတွက်ပုံစံတစ်ခုရေးဆွဲပေးခဲ့သည်(ထွက်၊ ၂၅-၂၇း၂၁)။

၇။ တဲတော်သည် ခရစ်တော်ကို မည်ကဲ့သို့ရည်ညွှန်းခဲ့သနည်း။
တဲတော်သည်ခရစ်တော်၏ပုံစံဖြစ်ပြီး၊ ဘုရား-လူဖြစ်သောခရစ်တော်သည် လူသားများနှင့်အတူကျိန်းဝပ်ကာ၊ တဲတော်၌ပြုလုပ်သောယဇ်ပူဇော်ခြင်းသည်လည်း ကျွန်ုပ်တို့၏အပြစ်များအတွက်အသေခံတော်မူသောခရစ်တော်၏လုပ်ဆောင်ချက်ကိုစံနာမူနာပြသခြင်းဖြစ်သည်(ယော၊ ၁း၁၄၊ ဟေဗြဲ၊ ၈-၁၀)။

၈။ တဲတော်ကို အဘယ်ကြောင့် ဘုရားသခင်၏အိမ်တော်ဟုခေါ်သနည်း။
ဘုရားသခင်သည် သူ၏လူများနှင့်အတူတဲတော်တွင်ကျိန်းဝပ်ခဲ့သောကြောင့် တဲတော်ဟုခေါ်ခြင်းဖြစ်သည်(ထွက်၊ ၂၅း၂၂)။

၉။ တဲတော်တွင် ဘုရားသခင်သည် သူ၏လူများနှင့်မည်ကဲ့သို့ကျိန်းဝပ်ခဲ့သနည်း။
အသန့်ရှင်းဆုံးသောနေရာတွင်တန်ခိုးရှိသောတိမ်တိုက်အားဖြင့်ကျိန်းဝပ်ခဲ့သည်(ထွက်၊ ၄၀း၃၄)။

၁၀။ ဣသရေလလူမျိုးများသည် ဘုရားသခင်၏ကျိန်းဝပ်တော်မူခြင်းခံရန် ထိုက်တန်သလော။
မောရှေသည် တောင်ထိပ်မှဆင်းလာသောအခါ ဣသရေလလူမျိုးများသည် နွားရုပ်တုကိုကိုးကွယ်ခဲ့ကြသောကြောင့်မထိုက်တန်ပါ(ထွက်၊ ၃၂)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၁၀၅း၇-၈

၇- ကိုယ်တော်မြတ်ထာဝရဘုရားသည် ငါတို့ဘုရားသခင်ဖြစ်တော်မူ၏။မြေကြီးတပြင်လုံး၌တရားစီရင်ပိုင်တော်မူ၏။

၈- လူမျိုးအဆက်တစ်ထောင်တိုင်အောင်မိန့်မြွက်တော်မူသောနှုတ်ကပတ်တည်ဟူသောဝန်ခံခြင်း တရားတော်ကိုအစဉ်အမြဲအောက်မေ့တော်မူ၏။

## သင်ခန်းစာ (၁၃)

## သဲကန္တာရ၌အသင်းတော်

၁။ ဣသရေလလူမျိုးများသည် ခါနာန်ပြည်သို့အဘယ်ကြောင့်နှစ်ပေါင်းများစွာပတ်သွားခဲ့ရကြသနည်း။
သူတို့သည် ယုံကြည်ခြင်းမရှိခဲ့ကြသောကြောင့်ဖြစ်သည်(တော၊ ၁၃၊ ၁၄)။

၂။ သူတို့သည် သူတို့၏မယုံကြည်မှုကို မည်ကဲ့သို့ထင်ရှားစေခဲ့သနည်း။
သူတို့သည် ယောရှုနှင့် ကာလက်တို့နှစ်ယောက်ပေးပို့သောသတင်းကောင်းကိုငြင်းပယ်ခဲ့ကြပြီး၊ သူလျှို ဆယ်ဦးပေးပို့သောသတင်းဆိုးကို ယုံကြည်လက်ခံခဲ့ကြသည်(တော ၁၄း၁-၄၊ ၁၀)။

၃။ ထိုအရာသည် အဘယ်ကြောင့် မယုံကြည်သောအပြစ်ဖြစ်ခဲ့ရသနည်း။
နယ်မြေဒေသပေးမည်ဟူသောဘုရားသခင်၏ကတိတော်ကိုပြည့်စုံရန် သူ့ကိုမကိုးစားကြ သောကြောင့် ဖြစ်သည်(တော ၁၃း၃၀-၃၃၊ ၁၄း၅-၉)။

၄။ ဘုရားသခင်သည် သူတို့၏မယုံကြည်ခြင်းအတွက် မည်ကဲ့သို့ဒဏ်ခတ်ခဲ့သနည်း။
ဣသရေလလူမျိုးများကို နှစ်ပေါင်းလေးဆယ်အတွင်းလမ်းပျောက်စေခဲ့သည်(ဆာ၊၉၅း၁၀၊တော၊၁၄း၃၃)။

၅။ ဣသရေလလူမျိုးများအားလုံး ခါနာန်ပြည်သို့ဝင်ရောက်ခွင့်ရရှိခဲ့ကြသလော။
ယောရှုနှင့်ကာလက်ကလွဲ၍ အသက်နှစ်ဆယ်ကျော်အရွယ်အားလုံးသဲကန္တာရ၌ သေကြေပျက်စီးခဲ့ကြ သည်(တော၊ ၁၄း၁၉-၃၉)။

၆။ တောလည်ရာကာလသည်မည်သည့်ဒုက္ခမျိုးခံစားရသောအချိန်ဖြစ်သနည်း။
ဆိုးသွမ်းသောသူများ၏ငိုကြွေးမြည်တမ်းရသောအချိန်ဖြစ်သည်(ဆာ၊၉၅း၁၀)။

၇။ ဣသရေလလူမျိုးများ၏ဘုရားသခင်အပေါ်ဆန့်ကျင်မှုဥပမာနှစ်ခုကိုဖော်ပြပါ။
ကောရဒါသန်နှင့်အဟိရံ တို့သည် မောရှေနှင့်အာရုန်တို့ကို ဆန့်ကျင်ခဲ့ကြပြီး၊လူတွေက ဘုရားသခင်ချ ပေးခဲ့သောမန္နမုန့်ကိုညည်းတွားခဲ့ကြကာသဲကန္တာရ၌သေရန်ခေါ်ဆောင်သလောဟု မောရှေကို ပြစ် တင်ရှုတ်ချခဲ့ကြသည်(တော ၁၆၊ ၂၁း၄-၉)။

၈။ ဣသရေလူမျိုးများသည်မန္နမုန့်ကိုညည်းတွားသောကြောင့်ဘုရားသခင်က မည်ကဲ့သို့ဒဏ်ခတ်ခဲ့သနည်း။
မြွေဆိုးများစေလွှတ်ပြီးသူတို့ကိုကိုက်သတ်စေခဲ့သည်(တော ၂၁း၈-၉)။

၉။ ဘုရားသခင်က သူတို့ကို မြွေဆိုးများဘေးမှ မည်ကဲ့သို့ကယ်တင်ခဲ့သနည်း။
ကြေးဝါဖြင့်မြွေရုပ်ကိုလုပ်၍တိုင်ပေါ်မှာမြှောက်ပြီးကြည့်ရှုသော သူများသည်အသက်ချမ်းခြင်းရရှိကြရန် ဘုရားသခင်သည် မောရှေအားမိန့်တော်မူခဲ့သည်(တော၂၁း၈-၉)။

၁၀။ ကြေးဝါဖြင့်ပြုလုပ်ထားသောမြွေသည် မည်သည့်အရာကို ပုံဆောင်ထားသနည်း။
သခင်ယေရှုခရစ်တော်ကိုပုံဆောင်ထားသည်။ သူက “မောရှေသည် တောမြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။ အကြောင်းမူကား၊ ထိုသားတော်ကိုယုံကြည်သောသူအ ပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကိုရမည်အကြောင်းတည်း”(ယော၊ ၃း၁၄-၁၅)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၁၀၅း၉-၁၀

၉- အာဗြဟံ၌ဂတိထား၍၊ဣဇာက်၌ကျိန်ဆိုတော်မူလျက်၊ သူသည် အသစ်သောပဋိညာဉ်ကိုလည်း ပြုတော်မူ၏။

၁၀- ယာကုပ်၌မြဲမြံသောတရား၊ဣသရေလ၌နိစ္စထာဝရတည်စေတော်မူ၏။



## သင်ခန်းစာ (၁၄)

## ဣသရေလလူမျိုးများကတိတော်ပြည်သို့ဝင်ရောက်ခြင်း

၁။ ဘုရားသခင်သည် အဘယ်ကြောင့်မောရှေအားခါနာန်ပြည်သို့မဝင်ရောက်စေခဲ့သနည်း။
သူသည် ဣသရေလလူမျိုးများ၏ဆန့်ကျင်မှုကိုဒေါသထွက်ပြီး ကျောက်ဆောင်ရိုက်ခဲ့သောကြောင့် ဖြစ်သည်(တော၊ ၂၀း၁-၁၃)။

၂။ မောရှေ၏လုပ်ရပ်က မည်သည့်အရာကိုသွန်သင်ခဲ့သနည်း။
သူသည် ကြားဝင်ဖျန်ဖြေသူတစ်ဦးသာဖြစ်သောကြောင့်မပြည့်စုံခဲ့ပါ (တော၊၂၀း၁၂၊၂၇း၁၄၊ဆာလံ ၁၀၆း၃၂-၃၃)

၃။ မောရှေသည် ကြားဝင်ဖျန်ဖြေသူအဖြစ် မည်သူ့ကိုပုံဆောင်ခဲ့သနည်း။
ခရစ်တော်ကိုပုံဆောင်သည်(ဟေဗြဲ၊ ၈း၆)။

၄။ ဣသရေလလူမျိုးများအားခါနာန်ပြည်သို့ဦးဆောင်ရန် ဘုရားသခင်သည် မည်သူ့ကိုရွေးကောက်ခဲ့သနည်း။
ခရစ်တော်ကိုပုံဆောင်ထားသော ယောရှုကို ရွေးကောက်ခဲ့သည်(ယောရှု ၁း၁-၂)။

၅။ ဘုရားသခင်သည် ခါနာန်ပြည်သို့သွားရာလမ်းဖွင့်ပေးခဲ့ကြောင်းကို မည်ကဲ့သို့ထင်ရှားစေခဲ့သနည်း။
သူတို့ရှေ့မှောက်တွင် ယောဒန်မြစ်ကြီးကိုနှစ်ခြမ်းကွဲစေခဲ့သည်(ယောရှု ၃)။

၆။ ဣသရေလလူမျိုးများကယောဒန်မြစ်၏အနောက်ဘက်မည်သည့်ဒေသကို ပထမဦးစွာအောင်မြင်ခဲ့သနည်း။
ယေရိခေါနယ်မှပထမဦးစွာအောင်မြင်ခဲ့ကြသည်(ယောရှု ၆)။

၇။ ရာခပ်နှင့်သူမ၏မိသားစုကယ်တင်ခြင်းအားဖြင့်ဘုရားသခင်သည်မည်သည့်အရာကို စီစဉ်ခဲ့သနည်း။
ဘုရားသခင်သည် သူ၏လူများအား တပါးအမျိုးသားများမှစုဆောင်းမည်(ဆာလံ၊၈၇း၁-၅)။

၈။ ရာခပ်လွတ်မြောက်ခြင်းရရှိခြင်းသည် အာဗြဟံအပေါ်ဘုရားသခင်၏ကတိတော်နှင့်ညီညွတ်မှုရှိသလော။
ရှိပါသည်။ အကြောင်းမှာ ဘုရားသခင်သည် သူထံ “သင်၏အမျိုးအနွယ်အားဖြင့်လူမျိုးအပေါင်းတို့ သည် ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်”ဟု မိန့်တော်မူခဲ့သည်(ကမ္ဘာ၊ ၂၂း၁၈)။

၉။ ဣသရေလလူမျိုးများသည် ယောဒန်မြစ်အနောက်ဘက်အခြားနယ်မြေများကို မည်ကဲ့သို့အစဉ်လိုက် သိမ်းပိုက်အောင်မြင်ခဲ့ကြသနည်း။
တောင်ပိုင်းကုန်းမြင့်ဒေသများကို ပထမဦးဆုံးသိမ်းပိုက်ခဲ့ပြီးနောက်၊ အနောက်ဘက်ရှိ တောင်တန်းဒေ သများကို သိမ်းပိုက်ခဲ့ကြသည်(ယောရှု ၁၁း၁၆-၁၇)။

၁၀။ ဤနယ်မြေအားလုံးကိုလူမျိုးဆယ့်နှစ်ခုတို့ကမည်ကဲ့သို့ခွဲဝေခဲ့သနည်း။
ဘုရားသခင်သည် စာရေးတံချခြင်းအားဖြင့် လူမျိုးဆယ့်နှစ်ခုတို့အတွက်နယ်မြေကိုခွဲဝေပေးခဲ့သည် (ယောရှု ၁၃း၁-၈၊ ၁၄း၁-၅)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၁၀၅း၁၁-၁၃

၁၁- ငါသည်သင်တို့အမွေခံရာဘို့ခါနာန်ပြည်ကိုသင်၌ပေးမည်။

၁၂-ငါတို့အမျိုးသည် အရေအတွက်အားဖြင့်မများ၊ အလွန်နည်း၍ထိုပြည်၌ဧည့်သည်ဖြစ်လျက်နေသည်။

၁၃-သူတို့သည် တမြို့မှတမြို့သို့၎င်း၊ တနိုင်ငံမှ တနိုင်ငံသို့၎င်း၊ လှည့်လည်၍သွားကြသည်။

## သင်ခန်းစာ (၁၅)
## ကတိတော်ပြည်၌ ဣသရေလလူမျိုးများသည်အဖြစ်ကျူးလွန်ခြင်း

၁။ ကတိတော်ပြည်၌ ဣသရေလလူမျိုးများသည် ဘုရားသခင်ထံသစ္စာစောင့်ထိန်းခဲ့ကြသလော။
မကြာမီ သူတို့သည် ဘုရားသခင်ကိုစွန့်လွှတ်ကြပြီးရုပ်တုများကိုကိုးကွယ်ခဲ့ကြသည်(တရား၊ ၂း၁-၁၃)။
၂။ မည်သည့်အရာသည် ထိုနာခံမှုမရှိခြင်း၏အဓိကအကြောင်းရင်းဖြစ်သနည်း။
မိဘနှစ်ပါးကမိမိသားသမီးများအားဘုရားသခင်ကို ကြောက်ရွံ့ခြင်းမသွန်သင်တော့ပေ(တရား၊ ၂း၁၀)။
၃။ ဘုရားသခင်၏မိန့်မှာခဲ့သည့်အတိုင်းဣသရေလလူမျိုးများသည် ခါနာန်မြို့၌နေထိုင်သူတပါးအမျိုးသား
များအားလုံးသတ်ဖြတ်ခဲ့ကြသလော။
သူတို့သည်အားလုံးမသတ်ဘဲသူတို့နှင့်မိတ်ဖွဲ့ခဲ့ကြသည်(တရား ၂း၁-၂)။
၄။ ဣသရေလလူမျိုးများသည် ဘုရားမသိသောသူများနှင့်မိတ်ဖွဲ့သောကြောင့် ဘုရားသခင်ကမည်ကဲ့သို့
ဒဏ်ခတ်ခဲ့သနည်း။
တပါးအမျိုးသားများအင်အားတိုးပွါးစေပြီးသူတို့လက်အောက်သို့ကျွန်ခံစေခဲ့သည်(တရား၊ ၂၊ ၃)။
၅။ ဘုရားသခင်က သူ၏လူများဆင်းရဲဒုက္ခခံရသောအခါ သတိရခဲ့သလော။
သူတို့သည်နောင်တရခဲ့ကြသောအခါ သူတို့ကိုကယ်တင်ရန် ဘုရားသခင်က တရားသူကြီးများကိုစေလွှတ်
ခဲ့သည်(တရား၊ ၂း၁၆-၁၈)။
၆။ ဂိဒေါင်၏စစ်တပ်အပ်အားနည်းပါးမှုဖြင့် ဘုရားသခင်သည် မည်သည့်သင်ခန်းစာကိုသွန်သင်ခဲ့သနည်း။
အောင်မြင်ခြင်းသည် ဘုရားသခင်ထံမှ အစဉ်အမြဲလာသည်(တရား၊ ၇း၁-၇)။
၇။ ဣသရေလလူမျိုးများသည်ဘုရားသခင်၏စကားတော်ကိုမကြားတော့သည့်အခါဘုရားသခင်သည်
မည်သူ့အားဖြင့် စကားပြောခဲ့သနည်း။
ပရောဖက်နှင့်ယဇ်ပရောဟိတ်တစ်ပါးဖြစ်သော ရှမွေလအားဖြင့်စကားပြောခဲ့သည်(၁ရာ၊ ၃း၁၉-၄း၁)။
၈။ ဣသရေလလူမျိုးများသည် မည်သည့်ဆိုးသောအရာကို တောင်းဆိုခဲ့ကြသနည်း။
အခြားတိုင်းတပါးများကဲ့သို့ဘုရင်တစ်ပါးပေးမည့်အကြောင်း ရှမွေလထံတောင်းဆိုခဲ့ကြသည်(၁ရာ၊ ၈)။
၉။ ဘုရင်တောင့်တမှုသည် ဣသရေလလူမျိုးများအတွက် အဘယ်ကြောင့်အပြစ်ရှိသနည်း။
သူတို့သည် ဘုရားသခင်ကို သူတို့၏ရှင်ဘုရင်အဖြစ်မလက်ခံခဲ့ကြပေ။ (၁ရာ၊၈း၇)။
၁၀။ တရားသူကြီးခေတ်ကာလတွင် လူတွေက မည်ကဲ့သို့အသက်ရှင်ခဲ့ကြသနည်း။
လူအားလုံးသည် မိမိစိတ်ကြိုက်အသက်ရှင်ခဲ့ကြသည်(တရား၊၂၁း၂၅)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၁၀၅း၁၄-၁၅

၁၄-သူတို့ကိုညှဉ်းဆဲစေခြင်းငှါ အဘယ်သူအားမျှအခွင့်ပေးတော်မမူ။ သူတို့အတွက်လည်းရှင်ဘုရင်တို့
ကိုဆုံးမလျက်၊
၁၅-ငါ့ထံ၌ဘိသိက်ခံသောသူတို့ကို မထိမခိုက်နှင့်။ ငါ၏ပရောဖက်တို့ကို အပြစ်မပြုနှင့်ဟုမိန့်တော်
မူ၏။



## သင်ခန်းစာ (၁၆)
## ဣသရေလလူမျိုးများက ကတိတော်ပြည်အားလုံးအမွေရရှိခြင်း

၁။ ဘုရားသခင်သည် ဣသရေလလူမျိုးများအား ရှင်ဘုရင်တစ်ပါး ပေးအပ်ခဲ့သလော။
ဘုရားသခင်သည် ရှောလုအား သူတို့၏ရှင်ဘုရင်အဖြစ်ပေးအပ်ခဲ့သည်(၁ရာ၊ ၁၀)။
၂။ ရှောလုသည် ဘုရားသခင်ကိုငြင်းပယ်သောအခါ သူ့နေရာတွင် ဘုရားသခင်က မည်သူ့ကိုခန့်အပ်ခဲ့သနည်း။
ဒါဝိဒ်အားဘုရင်ဖြစ်ရန်ဘိသိက်ပေးခဲ့သည်(၁ရာ၊ ၁၆)။
၃။ ဘုရားသခင်သည် ဒါဝိဒ်အားဖြင့် ဣသရေလလူမျိုးများအား မည်သည့်အရာကိုပေးအပ်ခဲ့သနည်း။
အာဗြဟံအပေါ်သူကတိပေးထားခဲ့သောနယ်မြေအားလုံးကိုပေးအပ်ခဲ့သည်(ကမ္ဘာ၊ ၁၅း၁၈-၂၁)။
၄။ ဒါဝိဒ်မင်းကြီးသည် အဘယ်ကြောင့် ဗိမာန်တော်တည်ဆောက်ခွင့်မရရှိခဲ့သနည်း။
သူသည် စစ်ပွဲမကြာခဏဆင်နွှဲလျက် လူအသက်များစွာသတ်သောကြောင့်ဖြစ်သည်(၅ရာ၊ ၂၂း၈)။
၅။ ဗိမာန်တော်တည်ဆောက်ရန်အတွက် ဘုရားသခင်သည်ဒါဝိဒ်မင်းထံမည်သည့်ကတိကိုပေးအပ်ခဲ့သနည်း။
ဗိမာန်တော်တည်ဆောက်ရန် သားယောက်ျားပေးအပ်မည်ဟုကတိပေးခဲ့သည်(၂ရာ၊ ၇း၁၂-၁၃)။
၆။ ရှောလမုန်တည်ဆောက်သောဗိမာန်တော်သည် ဣသရေလလူများ၏မည်သည့်နေရာ၌တည်ရှိခဲ့သနည်း။
ဘုရားများစွာကိုးကွယ်သောသူများ၏အလယ်ဗဟိုတွင်တည်ရှိသည်(တရား၊၁၂း၁၃၊ ၅ရာ၊ ၂၂း၆-၁၉)။
၇။ ထိုဗိမာန်တော်သည် ဣသရေလလူမျိုးများ၏အလယ်မှာမည်ကဲ့သို့တည်ရှိနိုင်မည်နည်း။
ဘုရားသခင်သည် သူ၏လူမျိုးများအကြားမှာကျိန်းဝပ်ခြင်းကိုထင်ရှားစေရန် တည်ရှိစေခြင်းဖြစ်သည်
(၅ရာ၊ ၂၂း၁၉၊ ထွက်မြောက်၊ ၂၅း၂၂)။
၈။ ရှောလမုန်အုပ်ချုပ်သည့်အချိန်တွင် လူတွေက မည်ကဲ့သို့အသက်ရှင်ခဲ့ကြသနည်း။
ငြိမ်းချမ်းစွာနှင့်ဥစ္စာနေကြွယ်ဝစွာဖြင့် အသက်ရှင်ခဲ့ကြသည်(၃ရာ၊ ၄း၂၀-၂၅၊ ၅ရာ၊ ၂၂း၉)။
၉။ ရန်သူများအပေါ်ဒါဝိဒ်၏အောင်မြင်မှုများသည် မည်သည့်အရာကို ဖော်ထုတ်ခဲ့သနည်း။
အပြစ်တရား၊ စာတန်နှင့်လူဆိုးများအပေါ်မှာခရစ်တော်၏အောင်မြင်မှုကိုဖော်ထုတ်ခဲ့သည်(လုကာ
၁း၇၄-၇၅၊ ဆာလံ ၅၆၊ ၇၂း၁-၉)။
၁၀။ ငြိမ်းချမ်းရေးနှင့်ကြွယ်ဝချမ်းသာမှုဖြင့်ရှောလမုန်၏အုပ်စိုးခြင်းသည် မည်သည့်အရာကိုပုံဆောင်သနည်း။
လှပသောခရစ်တော်၏နိုင်ငံတော်ကိုပုံဖော်ထားသည်(၃ရာ၊ ၄း၂၀-၂၅၊ ဟေရှာ၊၉း၆-၇၊ ၁၁း၆-၉၊ ဗျာဒိတ်
၁၂း၁၀-၁၁၊ ဧဖက်၊ ၂း၁၄-၁၇)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၄၅း၁-၂

၁- ငါ့စိတ်နှလုံးသည် မင်္ဂလာစကားနှင့်ပွက်ထလျက်ရှိ၍၊ ငါစီရင်သောအရာကို ရှင်ဘုရင်ရှေ့တော်၌
မြွက်ဆိုပေအံ့။ ငါ့လျှာသည်လည်းလိမ္မာကျွမ်းကျင်သောစာရေး၏ကညစ်ဖြစ်ရ၏။
၂- ကိုယ်တော်သည် လူမျိုးထက်အဆင်းလှပါ၏။ နှုတ်တော်သည် ကျေးဇူးစကားနှင့်ပြည့်စုံပါ၏။ ထို
ကြောင့်ဘုရားသခင်သည် ကိုယ်တော်ကိုအစဉ်အမြဲကောင်းကြီးပေးတော်မူ၏၏။

## အပိုင်း (၄)

## နိုင်ငံတော်နှစ်ခြမ်းကွဲခြင်းမှ ကျွန်ခံရာမှ ပြန်လာသည့်အထိ

### သင်ခန်းစာ (၁၇)

### နိုင်ငံတော်နှစ်ခြမ်းကွဲခြင်း

၁။ ရှောလမုန်မင်းကြီး၏နိုင်ငံသည် အာဗြဟံအပေါ် ဘုရားသခင်၏ကတိတော်ပြည့်စုံခြင်းဖြစ်သလော။
ကတိတော်ပြည့်စုံခြင်း၏ဥပမာဖြစ်သည် (ကမ္ဘာ၊ ၁၇း၆-၈)။

၂။ ထိုပြည့်စုံခြင်းဥပမာသည် မည်သည့်အရာကို ရည်ညွှန်းထားသနည်း။
ခရစ်တော်၏ထာဝရနိုင်ငံတော်ကိုရည်ညွှန်းပါသည်(ဟေဗြဲ၊ ၁၁း ၈-၁၀၊၁၃-၁၆၊ဗျာဒိတ်၊၅း၆-၁၄)။

၃။ ရှောလမုန်မင်းကြီးသည်ရုပ်တုကိုကိုးကွယ်သောကြောင့်ဘုရားသခင်သည် မည်ကဲ့သို့ဒဏ်ခတ်ခဲ့သနည်း။
ဒါဝိဒ်မင်းကြီးအိမ်တော်မှလူမျိုးဆယ်ခုကိုနှုတ်ယူပြီးယေရောဗောင်မင်းအားပေးအပ်ခဲ့သည် (၃ရာ၊၁၁း၃၅)။

၄။ နိုင်ငံတော်နှစ်ခြမ်းပြိုကွဲခြင်း၏အဓိကအကြောင်းရင်းမှာ မည်သည့်အရာဖြစ်သနည်း။
ဘုရင့်နန်းတော်နှင့်ဗိမာန်တော်တည်ဆောက်ပြီးနောက် ရောဗောင်မင်းသည် ပြည်သူများတောင်းဆိုသောအခွန်လျှော့ချရေးကို ငြင်းပယ်ခဲ့သည်(၃ရာ၊ ၁၂း၃-၅၊ ၁၂-၁၄)။

၅။ လူမျိုးစုဆယ်စုများကဒါဝိဒ်အိမ်တော်မှထွက်ခွါသွားခြင်းသည် အဘယ်ကြောင့်အပြစ်ဖြစ်ခဲ့သနည်း။
ဒါဝိဒ်၏ပလ္လင်တော်အုပ်စိုးရန် ဘုရားသခင်ခန့်ထားတော်မူသောခရစ်တော်ကို ငြင်းပယ်ခဲ့ကြသောကြောင့် ဒါဝိဒ်အိမ်တော်မှထွက်ခွါသွားခြင်းဖြစ်သည်(၃ရာ၊ ၁၂း၁၆၊ ၁၉၊ ၂၅-၂၉၊ ဟောရှာ၊ ၉း၆-၇)။

၆။ ဒါဝိဒ်၏ပလ္လင်တော်ကလွှဲ၍ယုဒနိုင်ငံရရှိသော အခြားသောကောင်းချီးမင်္ဂလာသည် မည်သည့်အရာဖြစ်သနည်း။
ယုဒနိုင်ငံ၏မြို့တော်ယေရုရှလင်မြို့မှာ ဘုရားသခင်၏ဗိမာန်တော်ရှိခဲ့သည် (၃ရာ၊ ၁၂း၂၆-၂၇)။

၇။ ဘုရားသခင်က ရောဗောင်အုပ်စိုးရန် မည်သည့်လူမျိုးနှစ်ခုကို ချန်ထားခဲ့သနည်း။
ယုဒနှင့်ဗယ်ာမိန်လူမျိုးနှစ်ခုကို ချန်ထားခဲ့သည် (၆ရာ၊ ၁၁း၁-၂)။

၈။ ရောဗောင်ကိုလူမျိုးဆယ်ခုတို့ကသူတို့၏ဘုရင်ဖြစ်စေရန်ရောဗောင်သည်အလွန်ကြိုးပမ်းခဲ့သလော။
ကြိုးပမ်းခဲ့သော်လည်း ဘုရားသခင်က သူ့အား သူ၏ညီအစ်ကိုများကို တိုက်ခိုက်ရန်အခွင့်မပေးခဲ့ပေ (၃ရာ၊ ၁၂း၂၃-၂၄)။

၉။ ယုဒရှင်ဘုရင်များသည်မည်သူ့အမျိုးအနွယ်များဖြစ်ခဲ့ကြသနည်း။
သူတို့အားလုံးသည် ဒါဝိဒ်၏အမျိုးအနွယ်များဖြစ်ခဲ့ကြသည်(၃ရာ၊၁၁း၄၃၊၁၄း၃၁၊၁၅း၈၊၂၂း၄၃၊၄ရာ၊၈း၁၆)။

၁၀။ ထိုရှင်ဘုရင်များသည် အဘယ်ကြောင့် ဒါဝိဒ်၏အမျိုးအနွယ်များဖြစ်ခဲ့ကြသနည်း။
ဘုရားသခင်သည် ဒါဝိဒ်၏ပလ္လင်တော်ကို ထာဝရတည်တံ့စေမည်ဟု ကတိပြုခဲ့သောကြောင့်ဖြစ်သည်။ (၂ရာ၊ ၇း၁၆-၁၇၊ ဟောရှာ၊ ၉း၆-၇)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၄၅း၃-၄

၃- တန်ခိုးကြီးသောအရှင်၊ဘုန်းအသရေတော်ဖြစ်သောကိုယ်တော်၏ထားကိုပေါင်တော်၌စည်း တော်မူပါ။

၄- သစ္စာတရား၊ နူးညံ့ခြင်းတရား၊ဖြောင့်မတ်ခြင်းတရားကြောင့်၊ အသရေတော်ထင်ရှားလျက်၊ အောင်မြင်၍စီးသွားစေတော်မူပါ။ လက်ျာလက်တော်လည်း ကြောက်မက်ဘွယ်သောအရာကိုကိုယ်တော်အားပြတော်မူပါ။



### သင်ခန်းစာ (၁၈)

### ဣသရေလနိုင်ငံသည် ရုပ်တုကိုကိုးကွယ်ကြခြင်း

၁။ လူမျိုးဆယ်ခုတို့၏ပထမဦးဆုံးရှင်ဘုရင်ယေရောဗောင်ကို ကျမ်းစာကမည်ကဲ့သို့ညွှန်ပြခဲ့သနည်း။
"。。。ဣသရေလလူမျိုးများအပြစ်သို့ကျဆင်းစေသောယေရောဗောင်"(၄ရာ၊ ၁၃း၂)။

၂။ ယေရောဗောင်ကို အဘယ်ကြောင့် ဣသရေလနိုင်ငံ(မြောက်ပိုင်းနိုင်ငံ)ကို အပြစ်သို့လဲကျစေသူဟု ခေါ်သနည်း။
သူက ဣသရေလလူမျိုးများအားရွှေဖြင့်ပြုလုပ်ထားသောနွားသူငယ်ရုပ်တုများအားဖြင့် ဘုရားသင်ကိုကိုးကွယ်ရန် အမိန့်ထုတ်ပြန်သောကြောင့်ဖြစ်သည်(၃ရာ၊ ၁၂း၂၈-၂၉၊ ၄ရာ၊ ၁၇း၂၁)။

၃။ ဤအမှုသည် ဣသရေလလူမျိုးများအား အခြားမည်သည့်အပြစ်ကိုကျူးလွန်စေခဲ့ကြသနည်း။
သူတို့သည်တပါးအမျိုးသားများကိုးကွယ်သောရုပ်တုများကို ကိုးကွယ်ခဲ့ကြသည် (၄ရာ၊ ၁၇း၇-၁၂)။

၄။ ဣသရေလလူမျိုးတို့သည် အထူးသဖြင့် မည်သည့်ရုပ်တုကိုကိုးကွယ်ခဲ့ကြသနည်း။
အာဟပ်မင်းအုပ်ချုပ်သည့်အချိန်တွင် သူတို့သည်ဗာလဘုရားကိုကိုးကွယ်ခဲ့ကြသည်(၃ရာ၊၁၆း၃၀-၃၃)။

၅။ အာဟပ်မင်းအုပ်ချုပ်နေသည့်အချိန်တွင် ဘုရားသခင်အပေါ် သစ္စာရှိသူရှိခဲ့သလော။
ဗာလဘုရားရှေ့တွင် ဒူးဖောက်ရှေ့ခိုးရန်ငြင်းဆိုသူ ခုနစ်ထောင်ရှိခဲ့သည် (၃ရာ၊ ၁၉း၁၈)။

၆။ ရုပ်တုကိုးကွယ်ခြင်းကိုဆန့်ကျင်ရန် ဘုရားသခင်သည် မည်သူ့ကိုစေလွှတ်ခဲ့သနည်း။
ယေဟောဝါသည် ဘုရားဖြစ်သည်ဟုကြွေးကြော်သော ပရောဖက် ဧလိယနှင့်ဧလိရှဲတို့ကို စေလွှတ်ခဲ့သည်(၄ရာ၊ ၂း၁၃-၁၄၊ ရောမ ၁၁း၂-၄)။

၇။ ဣသရေလလူမျိုးအပေါ် ဘုရားသခင်၏တရားစီရင်ခြင်းရောက်လာမည်ဟု ပရောဖက်မည်သူများက အထူးသဖြင့် သတိပေးခဲ့သနည်း။
ပရောဖက် ဟောရှေနှင့်အာမုတ်တို့ဖြစ်ကြသည် (ဟောရှေ၊ ၁း၁-၂၊ ၄း၁၊ အာမုတ်၊ ၁း၁-၂၊ ၃း၁-၂)။

၈။ လူမျိုးဆယ်စုထဲတွင်ကျန်ရစ်သောရွေးကောက်ခြင်းခံရသူများက မည်သည့်အချိန်တွင် သူတို့၏ယုံကြည်ခြင်းကို ထင်ရှားစေခဲ့ကြသနည်း။
ယုဒရှင်ဘုရင် ဟေဇကိမင်းအုပ်ချုပ်သောအခါ ယေရုရှလင်မြို့သို့ပသခါပွဲတော်ကျင်းပရန်သွားသည့်အချိန်တွင် ထင်ရှားစေခဲ့သည်(၆ရာ၊ ၃၀း၁၀-၁၁)။

၉။ မြောက်ပိုင်းနိုင်ငံဆယ်ခုကို သူတို့၏အပြစ်ကြောင့် ဘုရားသခင်က မည်ကဲ့သို့ဒဏ်ခတ်ခဲ့သနည်း။
သူတို့ကိုဖမ်းဆီးချုပ်နှောင်ရန်နှင့် ကွဲလွင့်စေရန် အာရှုရိများကိုစေလွှတ်ခဲ့သည်(၄ရာ၊ ၁၇)။

၁၀။ အာရှုရိဘုရင်က သူတို့နယ်မြေတွင် မည်သူတွေကို နေရာချပေးခဲ့သနည်း။
အာရှုရိနိုင်ငံနေရာဒေသအသီးသီးမှခေါ်ဆောင်လာသောသူစိမ်း ရှမာရိလူများကို နေရာချပေးခဲ့သည် (၄ရာ၊ ၁၇း၂၄)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ၊ ၄၅း၅-၆

၅- ရှင်ဘုရင်၏ရန်သူတို့နှလုံးထဲမှာမြှားတော်တို့သည်ထက်သည်ဖြစ်၍လူတို့သည်ခြေတော်အောက်၌လဲကြပါ၏။

၆ အိုဘုရားသခင်၊ကိုယ်တော်၏ပလ္လင်သည်နိစ္စထာဝရပလ္လင်ဖြစ်ပါ၏။ ကိုယ်တော်၏နိုင်ငံသည် တရားသဖြင့်စီရင်သောနိုင်ငံဖြစ်ပါ၏။

## သင်ခန်းစာ (၁၉)
## ယုဒနိုင်ငံသည် ဘုရားသခင်ကို ကျောခိုင်းခြင်း

၁။ ယုဒနိုင်ငံသည် ဣသရေလနိုင်ငံထက်ပို၍သေးငယ်သလော။
ဘုရားသခင်၏သစ္စာရှိသောလူများသည် လူဦးရေအားဖြင့် ဘုရားတရားမသိသောလူများထက်ပို၍နည်းပါးလေ့ရှိသည် (၃ရာ၊ ၁၂း၂၀-၂၄၊ ၄ရာ၊ ၁၉း၁-၄)။
၂။ ယုဒနိုင်ငံတွင် ရုပ်တုကိုကိုးကွယ်သူများလည်းရှိခဲ့ကြသလော။
ယုဒနိုင်ငံတွင် ဆိုးသွမ်းသောသူများစွာ တဟုန်ထိုးတိုးတက်လာခဲ့သည် (၃ရာ၊ ၁၄း၂-၂၄)။
၃။ ယုဒဘုရင်များအားလုံးသည် ဘုရားသခင်ကို ကြောက်ရွံ့သောသူများဖြစ်ခဲ့ကြသလော။
ဘုရင်အများအပြားသည် ရုပ်တုကိုကိုးကွယ်ရန်တိုက်တွန်းခဲ့ကြသည်(၄ရာ၊ ၈း၁၈- ၁၉၊ ၂၇၊ ၁၁း၁-၃၊ ၁၆း၂-၄)။
၄။ ဘုရင်မအာသလိသည် မည်သည့်ဆိုးသွမ်းသောအမှုကိုပြုလုပ်ရန် ကြိုးပမ်းခဲ့သနည်း။
သူမသည် ဒါဝိဒ်၏အမျိုးအနွယ်များအားလုံးသတ်ဖြတ်ရန်ကြိုးပမ်းခဲ့သည်(၆ရာ၊ ၂၂း၁-၁၂)။
၅။ စာတန်သည် အဘယ်ကြောင့် ဘုရင်မအာသလိကိုအသုံးပြုပြီးဒါဝိဒ်၏အမျိုးအနွယ်အားလုံးဖျက်ဆီးရန်ကြိုးပမ်းခဲ့သနည်း။
ခရစ်တော်သည် ဒါဝိဒ်၏အမျိုးအနွယ်မှဖွားမြင်လာမည်ဖြစ်သောကြောင့်ဖြစ်သည်(၃ရာ၊၉း၅၊ ၆ရာ၊ ၁၃း၅၊ ဟေရှာ၊ ၉း၆-၇)။
၆။ ဘုရားသခင်သည် ဒါဝိဒ်၏အမျိုးအနွယ်ကို မည်ကဲ့သို့ကာကွယ်ခဲ့သနည်း။
ဘုရားသခင်သည်ယောရှအား အာသလိ၏သတ်ဖြတ်ခြင်းမှကာကွယ်ပေးခဲ့သည်(၄ရာ၊၁၁း၁-၂)။
၇။ မည်သည့်ရှင်ဘုရင်များသည် ယုံကြည်ခြင်းနှင့်စိတ်ထားကောင်းမြတ်သူများအဖြစ် သတ်မှတ်ခံခဲ့ကြသနည်း။
ရုပ်တုကိုးကွယ်ခြင်းကို ဖျက်သိမ်းပြီး ဗိမာန်တော်၌ ကိုးကွယ်ခြင်းကို ပြန်လည်ရှင်သန်စေသောအာသ၊ ယောရှ၊ ဟေဇကိနှင့်ယောရှိရှင်ဘုရင်များဖြစ်ကြ၍ သူတို့သည် ပသခါပွဲကိုကျင်းပရန် ယုဒလူမျိုးများအားခေါ်ဖိတ်ခဲ့သည်(၃ရာ၊ ၁၅း၉-၁၅၊ ၆ရာ၊ ၂၄း၁-၄၊ ၃ရာ၊ ၂၂း၄၂-၄၃၊ ၆ရာ၊၃၀း၁-၂၊ ၄ရာ၊၂၂း၁-၂၊ ၂၃း၁၉-၂၅)။
၈။ အထူးသဖြင့် ဘုရားသခင်သည် ယုဒလူမျိုးများအား သူ၏နည်းလမ်းကိုသွန်သင်ရန် ပရောဖက်မည်သူ့ကိုပေါ်ပေါက်စေခဲ့သနည်း။
ပရောဖက်ဟေရှာယနှင့်ယေရမိတို့ဖြစ်ကြသည်(ဟေရှာ၊ ၁၊ယေရ၊၁း၁-၂၊၃း၂၃-၄း၆)။
၉။ ထိုအချိန်များတွင် ဘုရားသခင်က ခရစ်တော်အကြောင်းကိုယုဒလူမျိုးများထံဖွင့်ပြခဲ့သလော။
သခင်ယေရှုသည် ဗက်လင်မြို့တွင်ဖွားမြင်ခြင်းခံမည်ဟု ပရောဖက်မိက္ခာကအတတအကျကြိုပြောခဲ့သည် (မိက္ခာ၊ ၅း၂)။
၁၀။ ယုဒလူမျိုးများသည် အပြစ်ဒုစရိုက်မှပြန်လှည့်လာခဲ့ကြသလော။
သူတို့သည် ဣသရေလနိုင်ငံများကဲ့သို့ ဆိုးသွမ်းသောအမှုကို ပို၍များပြားစွာပြုလုပ်ခဲ့ကြသည် (၄ရာ၊ ၂၃း၂၆-၂၇၊ ၂၄း၃-၉)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ ၄၅း၇-၈၊

၇- ကိုယ်တော်သည်ဖြောင့်မတ်ခြင်းတရားကိုနှစ်သက်၍မတရားသောအမှုကိုမုန်းတော်မူ၏။ထိုကြောင့် အိုဘုရားသခင်၊ ကိုယ်တော်၏ဘုရားသခင်သည် ကိုယ်တော်၏အပေါင်းအဖော်တို့ထက်၊ ကိုယ်တော်ကိုချီးမြှောက်၍ဝမ်းမြောက်ခြင်းဆီနှင့်ဘိသိက်တော်မူပြီ။
၈- ဆင်စွယ်ဘုံဗိမာန်တော်ထဲကထုတ်သောအဝတ်တန်ဆာရှိသမျှတို့သည်မုရန်၊အကျော်၊ သစ်ကြံပိုးအမွှေးနှင့်ပြည့်စုံ၍နှစ်သက်တော်မူဘွယ်ဖြစ်ကြပါ၏။



## သင်ခန်းစာ (၂၀)
## ယုဒလူမျိုးများဖမ်းဆီးချုပ်နှောင်မှုခံခြင်း

၁။ ဘုရားသခင်ကဆိုးသွမ်းသောယုဒလူမျိုးများကို မည်ကဲ့သို့ဒဏ်ခတ်ခဲ့သနည်း။
သူတို့ကို ဖမ်းဆီးချုပ်နှောင်ရန် ဘုရားသခင်က နေဗုခဒ်နေဇာမင်းကို စေလွှတ်ခဲ့သည်(၆ရာ၊ ၃၆)။
၂။ ဖမ်းဆီးချုပ်နှောင်မှုခံယူသူထဲတွင် ဘုရားသခင်၏လူများလည်းပါဝင်ခဲ့ကြသလော။
ဒံယေလနှင့် သူ၏သူငယ်ချင်းသုံးယောက်တို့ပါဝ်ကြသည်(ဒံ၊ ၁း၁-၄၊ ၆-၇)။
၃။ နေဗုခဒ်နေဇာမင်းကြီးသည် ဖမ်းဆီးချုပ်နှောင်ခြင်းခံသောသူများကို မည်သည့်မြို့သို့ခေါ်ဆောင်ခဲ့သနည်း။
ဗာဗုလုန်မြို့သို့ခေါ်ဆောင်သွားခဲ့သည်(ယေ၊ ၅၃း၂၈-၃၂)။
၄။ ဣသရေလလူမျိုးများသည် ခါနာန်ပြည်ကို အစဉ်ပိုင်ဆိုင်မည်ဟုဘုရားသခင်ကတိပြုခဲ့သလော။
ထိုကတိတော်သည် သူ့ကိုယုံကြည်သောသူများ ကောင်းကင်နိုင်ငံတော်အမွေခံသည့်အချိန်တွင် ပြည့်စုံပါလိမ့်မည်(ဗျာ၊ ၂၁-၂၂း၇)။
၅။ ထိုကတိတော်သည်ကောင်းကင်နိုင်ငံတော်ဖော်ပြလိုခြင်းဖြစ်ကြောင်း အဘိုးအဘွားများသိခဲ့ကြသလော။
သိခဲ့ကြသည်။ သူတို့သည် ပို၍ကောင်းမွန်သော ကောင်းကင်နိုင်ငံတော်ကို တောင့်တခဲ့ကြသည် (ဟေဗြဲ၊ ၁၁း၁၀၊ ၁၃-၁၆)။
၆။ ယေရုရှလင်မြို့ရှိ ဗိမာန်တော်နှင့်ဒါဝိဒ်၏ပလ္လင်တော်အပေါ်မှာ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
မြို့တော်မီးရှို့ခြင်းခံသည့်အချိန်တွင် ၄င်းတို့သည်လည်း ဖျက်ဆီးခြင်းခံခဲ့သည်(၄ရာ၊ ၂၅း၈-၉၊၁၇)။
၇။ ဘုရားသခင်သည် ၄င်းတို့ကိုအဘယ်ကြောင့်ဖျက်ဆီးခဲ့သနည်း။
သူ၏လူများသည်ယေရုရှလင်မြို့သစ်တွင်ခရစ်တော်၏နိုင်ငံတော်ပလ္လင်တော်ကိုရှာဖွေတွေ့ရှိရန်အ တွက်အလိုတော်ရှိသောကြောင့်ဖြစ်သည်(ဗျာ၊ ၃း၁၁-၁-၃)။
၈။ ဖမ်းဆီးချုပ်နှောင်မှုက ဣသရေလလူမျိုးများအပေါ် မည်သည့်ဆိုးကျိုးဖြစ်ထွန်းစေခဲ့သနည်း။
သူတို့သည် ဘုရားသခင်ကျိန်းဝပ်သောနေရာဗိမာန်တော်ကို ပိုပြီးတမ်းတခဲ့ကြသည်(ဆာလံ ၁၃၇)။
၉။ ဒံယေလသည် ဗာဗုလုန်မြို့၌နေစဉ် ဘုရားသခင်၏ကတိတော်အပေါ် သူ၏ယုံကြည်ခြင်းကို မည်ကဲ့သို့ထင်ရှားစေခဲ့သနည်း။
သူသည် ဗိမာန်တော်တည်ရှိသောနေရာ ယေရုရှလင်မြို့သို့မျက်နှာမူပြီးဆုတောင်းခဲ့သည်(ဒံ၊ ၆း၁၀)။
၁၀။ မည်သူက ယေရုရှလင်မြို့သို့ပြန်လာရန် လူတွေကိုအားပေးနှစ်သိမ့်ခဲ့သနည်း။
ခေဗာမြစ်နားတွင်ချုပ်နှောင်ခြင်းခံသော ပရောဖက်ယေဇကျေလက အားပေးနှစ်သိမ့်ခဲ့သည်(ယေ၊၁)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ ၆၇း၁-၄(က)၊

၁- ဘုရားသခင်သည် အကျွန်ုပ်တို့ကိုသနားခြင်းကရုဏာစိတ်တော်ရှိသဖြင့်၊ ကောင်းကြီးပေး၍မျက်နှာတော်၏အလင်းကိုလွှတ်တော်မူပါစေသော။
၂- ထိုသို့သောအားဖြင့် မြေကြီးသားတို့သည် အမှုတော်တို့ကိုသိ၍ခပ်သိမ်းသောလူမျိုးတို့သည် ကယ်တင်တော်မူခြင်းကျေးဇူးကိုခံရကြပါစေသော။
၃- အိုဘုရားသခင်၊ လူများတို့သည်ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။လူများအပေါင်းတို့သည် ကိုယ်တော်ကိုချီးမွမ်းကြပါစေသော။
၄- လူအမျိုးမျိုးတို့သည်ဝမ်းမြောက်၍ရွှင်လန်းစွာသီချင်းဆိုကြပါစေသော။

## သင်ခန်းစာ (၂၁)
## ဖမ်းဆီးချုပ်နှောင်မှုခံခြင်းခံသူများအပေါ် ဘုရားသခင်၏ဂရုဏာတော်

၁။ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသည့်အချိန်တွင် မည်သည့်ပရောဖက်ကျမ်းကို ရေးသားခဲ့သနည်း။
ဒံယေလအနာဂတ္တိကျမ်းကိုရေးသားခဲ့သည်။

၂။ ဘုရားသခင်သည် ဤနိုင်ငံတော်ပေါ်ပေါက်လာခြင်းကိုနေဗုခဒ်နေဇာမင်းထံမည်ကဲ့သို့ဖွင့်ပြခဲ့သနည်း။
ကြီးမားသောရုပ်တုကြီးဖျက်ဆီးခြင်းကိုအိပ်မက်ပေးခြင်းအားဖြင့်ဖွင့်ပြခဲ့သည်(ဒံ၊ ၂)။

၃။ ထိုရုပ်တုကြီးသည် မည်သည့်အရာကို ကိုယ်စားပြုခဲ့သနည်း။
နေဗုခဒ်နေဇာမင်းကြီးသည် ဦးခေါင်းဖြစ်သည် (ဒံ၊၂း၃၇-၄၃)။

၄။ ဤရုပ်တုကြီးသည် မည်ကဲ့သို့ဖျက်ဆီးခြင်းခံခဲ့ရသနည်း။
ခရစ်တော်၏နိုင်ငံတော်ကိုယ်စားပြုသော ကျောက်တုံးကြီးက ဖျက်ဆီးခဲ့သည် (ဒံ၊ ၂း၄၄-၄၅)။

၅။ ဤနိုင်ငံတော်တွင် ဒံယေလ၏သူငယ်ချင်းသုံးယောက်တို့သည် နှိပ်စက်ခြင်းခံခဲ့ကြသလော။
နေဗုခဒ်နေဇာမင်းကြီး၏ရုပ်တကိုကိုးကွယ်ရန် ငြင်းဆိုသောအခါ သူတို့သည် လောင်ကျွမ်းလျက်ရှိသော မီးဖိုထဲသို့ပစ်ချခြင်းခံခဲ့ကြသည် (ဒံ၊ ၃)။

၆။ ဘုရားသခင်သည်ဤသူငယ်ချင်းသုံးယောက်တို့ကို မည်ကဲ့သို့ကာကွယ်ပေးခဲ့သနည်း။
မီးဖိုထဲတွင်သူတို့နှင့်အတူသွားလာရန်ကောင်းကင်တမန်တပါးကိုစေလွှတ်ခဲ့သည်(ဒံ၊၃း၂၄-၂၈)။

၇။ ဘုရားသခင်သည် ဗာဗုလုန်ပျက်စီးခြင်းကို ဗေလရှာဇာမင်းကြီးထံမည်ကဲ့သို့ဖွင့်ပြခဲ့သနည်း။
နံရံပေါ်တွင်လက်ဖြင့်ရေးသားသောစာအားဖြင့်ဖွင့်ပြခဲ့သည်(ဒံ၊ ၅)။

၈။ ဒံယေလသည် သူ၏ရန်သူများဘေးမှ မည်ကဲ့သို့လွတ်မြောက်ခြင်းခံခဲ့သနည်း။
ဘုရားသခင်သည် သူ၏အသက်ကို ခြင်္သေ့တွင်းမှ ကယ်တင်ခဲ့သည်(ဒံ၊ ၆)။

၉။ ဘုရားသခင်သည် သူ၏လူများကို ကျွန်ခံသည့်နေရာမှ မည်ကဲ့သို့ကယ်တင်ခဲ့သနည်း။
ဘုရားသခင်သည် လူများအား ယေရုရှလင်မြို့သို့ပြန်လှည့်ရန် ကုပရုရှင်ဘုရင်ကိုတိုက်တွန်းခဲ့သည် (ဧဇ၊ ၁း၁-၂)။

၁၀။ ယုဒလူမျိုးများအားလုံးသည် ကျွန်ခံရာမှ ယေရုရှလင်မြို့သို့ပြန်လှည့်ခဲ့ကြသလော။
ယုဒလူမျိုးအများအပြားတို့သည် ဗာဗုလုန်တွင် ကျန်ရစ်ရန် စိတ်ပြင်းထန်ခဲ့ကြသောကြောင့် သူတို့အားလုံးပြန်မလာခဲ့ကြပေ(ဧသတာ၊ ၂း၅-၇၊ ၃း၆)

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ ၆၇း၄(ခ)- ၇၊

- ၄(ခ) -အကြောင်းမူကား၊ ကိုယ်တော်သည် လူတို့ကိုဖြောင့်မတ်စွာတရားစီရင်၍၊ မြေကြီးပေါ်မှာရှိသော လူမျိုးတို့ကို ချမ်းသာပေးတော်မူမည်။
- ၅- အိုဘုရားသခင်၊ လူများတို့သည် ကိုယ်တော်ကိုချီးမွမ်းကြပါစေသော။ လူများအပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။
- ၆- မြေသည် မိမိဘဏ္ဍာကိုပေး၍၊ ဘုရားသခင်တည်းဟူသောငါတို့၏ဘုရားသခင်သည် ငါတို့ကိုကောင်းကြီးပေးတော်မူ၏။
- ၇- ဘုရားသခင်သည် ငါတို့ကိုကောင်းကြီးပေးတော်မူဦးမည်။ မြေကြီးစွန်းအပေါင်းတို့သည်လည်း၊ ဘုရားသခင်ကိုကြောက်ရွံ့ကြလိမ့်မည်။



## သင်ခန်းစာ (၂၂)
## ဣသရေလလူမျိုးများ ခါနာန်ပြည်သို့ပြန်လှည့်ခြင်း

၁။ ကျွန်ခံရာမှပြန်လာသူများသည် သန့်ရှင်းသောမြို့တော်ကို မည်ကဲ့သို့မြင်တွေ့ခဲ့ကြသနည်း။
ယေရုရှလင်မြို့နှင့်ဗိမာန်တော်တို့၏ပျက်စီးခြင်းများမြင်တွေ့ခဲ့ကြသည်(နေဟ၊ ၂း၁၂-၁၈)။

၂။ သူတို့သည်ဗိမာန်တော်ပြန်လည်တည်ဆောက်ရန် အဘယ်ကြောင့် ဘုရားသခင်ကစေခိုင်းခဲ့သနည်း။
ဗိမာန်တော်သည်ဘုရားသခင်၏လူများနှင့်အတူကျိန်းဝပ်တော်မူခြင်းလက္ခဏာဖြစ်သောကြောင့်ဖြစ်သည်(ဧဇ၊ ၁း၁-၅၊ ၅ရာ၊ ၂၂း၁၉၊ ထွက်၊ ၂၅း၂၂)။

၃။ ကျွန်ုပ်တို့သည် ဤကဲ့သို့သေဗိမာန်တော်ထဲတွင် ဘုရားသခင်ကိုအဘယ်ကြောင့် မကိုးကွယ်ကြသနည်း။
ခရစ်တော်သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ပြီး သူသည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏နှလုံးသားထဲတွင် ကျိန်းဝပ်တော်မူသောကြောင့်ဖြစ်သည် (ဗျာ၊ ၂၁း၂၂၊ ဧ၊ ၂း၂၂)။

၄။ ဗိမာန်တော်နှင့်ယေရုရှလင်မြို့တည်ဆောက်ရာတွင် ယုဒလူမျိုးများကို မည်သူတွေက ဆန့်ကျင်ခဲ့သနည်း။
ရှမာရိမြို့သားများနှင့်အခြားတပါးအမျိုးသားများက သူတို့ကိုဆန့်ကျင်ခဲ့ကြသည်(ဧဇ၊ ၄)။

၅။ သူတို့သည် အဘယ်ကြောင့်ယုဒလူမျိုးများကို နှောင့်ယှက်တားဆီးခဲ့ကြသနည်း။
သူတို့သည် ဘုရားသခင်နှင့်သူ၏လူများကို မုန်းတီးခဲ့ကြသောကြောင့်ဖြစ်သည် (နေဟ၊၂း၁၉-၂၀၊၄း၁-၈)။

၆။ ယုဒလူမျိုးများသည် ဗိမာန်တော်ကို အပြီးတည်ဆောက်နိုင်ခဲ့ကြသလော။
ဒါရိမင်းသည် နယ်မြေအုပ်ထံသူတို့ကို မနှောင့်ယှက်ရန် မိန့်မှာခဲ့ပြီး လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းဥစ္စာများကူညီထောက်ပံ့ရန် တိုက်တွန်းခဲ့သောကြောင့်အပြီးဆောက်နိုင်ခဲ့ကြသည်(ဧဇ ၆)။

၇။ ဗိမာန်တော်အုတ်မြစ်ချပြီးသောအခါ လူတွေက မည်သည့်အရာကို ပြုလုပ်ခဲ့ကြသနည်း။
လူတွေက ဟစ်ကြွေးပြီး၊ သီချင်းဆိုကြကာ ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းခဲ့ကြသည်(ဧဇ၊၃း၁၁)။

၈။ ဗိမာန်တော်တည်ဆောက်ခဲ့ပြီးသောအခါ လူတွေအားလုံးဝမ်းမြောက်ခဲ့ကြသလော။
အချို့တို့သည် အရင်တည်ဆောက်သောဗိမာန်တော်၏လှပမှုကိုသိခဲ့ကြသောကြောင့် ငိုကြွေးခဲ့ကြသည် (ဧဇ၊ ၃း၁၂)။

၉။ ဒါဝိဒ်မင်းကြီး၏ပလ္လင်တော်သည် ပြန်လည်တည်တံ့ခဲ့သလော။
ဒါဝိဒ်၏ဘုရင့်အမျိုးအနွယ်သည်ဆက်လက်တည်တံ့ခဲ့သည်(ယေ၊ ၃၆း၂၉-၃၀၊ ဟေရှာ ၉း၆-၇)

၁၀။ ဘုရားသခင်သည်မိမိလူများအား ယေရုရှလင်မြို့သို့စုရုံးစေခြင်း၏အရေးပါမှုသည် မည်သည့်အရာဖြစ်သနည်း။
ပထမနေဖြင့်၊ ခရစ်တော်သည် ကတိတော်ပြည်တွင်မွေးဖွားမည့်အကြောင်း၊ ဒုတိယအနေဖြင့်၊ ဘုရားသခင်သည် သူ၏လူများအား အသစ်သောပဋိညာဉ်ရှိ အသင်းတော်၌စုရုံးမည့်အကြောင်းဖြစ်သည် (ဧဇ၊ ၈း၁-၉း၁၃၈၊ ဟဂ္ဂဲ၊ ၂း၁၅-၂၃၊ ဆာ၊ ၈၇၊ လု၊ ၁း၁-၂း၂၅)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ ၁၂၂း၁-၅၊

- ၁- ငါတို့သည် ထာဝရဘုရား၏အိမ်တော်သို့သွားကြကုန်အံ့ဟု သူတပါးတို့သည် ပြောကြသောအခါ ငါသည်ဝမ်းမြောက်ခြင်းရှိ၏။
- ၂- အိုယေရုရှလင်မြို့၊ သင်၏တံခါးတို့အတွင်း၌ ငါတို့သည်ရပ်၍နေကြလိမ့်မည်။
- ၃- ယေရုရှလင်မြို့သည် စေ့စပ်သောမြို့ကဲ့သို့တည်၏။
- ၄- အမျိုးအနွယ်တို့သည် ထိုမြို့သို့တက်ကြ၏။ ဣသရေလအမျိုးထုံးစံရှိသည်အတိုင်း၊ ထာဝရဘုရား၏အမျိုးအနွယ်တို့သည် ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းခြင်းငှါ တက်သွားကြ၏။
- ၅- ထိုမြို့၌တရားစီရင်ရာပလ္လင်၊ ဒါဝိဒ်မင်းမျိုး၏ ရာဇပလ္လင်တို့သည်တည်ကြ၏။

## အပိုင်း (၅)
## ကျွသရေလလူမျိုးများခါနာန်ပြည်၌နေထိုင်သည့်အချိန်မှ ခရစ်တော်မွေးဖွားသည့်အထိ
## သင်ခန်းစာ (၂၃)
## ဘုရားသခင်သည် မိမိလူများကိုကာကွယ်ခြင်း

၁။ ကျွန်ခံသောနေရာတွင်ကျန်ရစ်သောယုဒလူမျိုးများအကြောင်းကို မည်သည့်စာအုပ်တွင်ဖော်ပြထားသနည်း။
ပေရသိနိုင်ငံ၏ဘုရင်မဖြစ်လာသော ဧသတာဝတ္ထုထဲတွင်ဖော်ပြထားသည်။
၂။ ဧသတာဝတ္ထုထဲတွင် မည်သည့်အမှန်တရားကိုသွန်သင်ခဲ့သနည်း။
လူဆိုးများသည် ဘုရားသခင်၏အသင်းတော်ကိုမဖျက်ဆီးနိုင်သည့်အကြောင်းသွန်သင်ခဲ့သည်(ဧ၊ ၈း၇-၁၁၊ ၁၆-၁၇)
၃။ ဤအချိန်တွင် လူဆိုးများသည် ဘုရားသခင်၏အသင်းတော်ကိုဖျက်ဆီးရန်ကြိုးပမ်းခဲ့ကြသလော။
စာတန်သည်ဟာမန်ကိုအသုံးပြုပြီး ယုဒလူမျိုးများအားလုံးသတ်ဖြတ်ရန်ကြိုးပမ်းခဲ့သည်(ဧသ၊ ၃)။
၄။ ဟာမန်သည် အဘယ်ကြောင့် ဘုရားသခင်၏လူများကိုဖျက်ဆီးလိုခဲ့သနည်း။
သူသည် ယုဒအမျိုးမော်ဒကဲကို မုန်းသောကြောင့်ဖြစ်သည်(ဧသ၊ ၃း၁-၆)။
၅။ သူသည် ယုဒလူမျိုးအားလုံးသတ်ဖြတ်ရန် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
သူသည် ယုဒလူမျိုးများအားလုံးသတ်ဖြတ်သင့်သည့်ဥပဒေကိုထုတ်ပြန်ရန် အာရွှေရုဘုရင်ကို ဖြားယောင်းသွေးဆောင်ခဲ့သည်(ဧသ၊ ၃း၈)။
၆။ ဘုရားသခင်သည် ဟာမန်၏အကြံအစည်ကို မည်ကဲ့သို့မှောက်လှန်ဖျက်ဆီးခဲ့သနည်း။
ဘုရားသခင်သည် ဧသတာ၏အသက်နှင့် သူမ၏လူများအသက်ကိုကယ်တင်ရန် ဧသတာကိုအသုံးပြုခဲ့သည်(ဧသ၊ ၇း၁-၄)။
၇။ မည်သူက ဧသတာအား သူမ၏အသက်နှင့်လူမျိုးများအသက်ကိုကယ်တင်ရန်ပြောခဲ့သနည်း။
သူမကို ငယ်ရွယ်စဉ်ကာလမှ ပြုစုပျိုးထောင်ပေးသူ မော်ဒကဲကပြောခဲ့သည်။
၈။ ဟာမန်အပေါ်မည်သည့်တရားစီရင်ခြင်းဒဏ်ကို သက်ရောက်ခဲ့သနည်း။
မော်ဒကဲသတ်ရန်ပြင်ဆင်ထားသောတိုင်ပေါ်မှာ သူသည် ဆွဲချိတ်ခြင်းခံခဲ့သည် (ဧသ၊ ၇း၇-၁၀)။
၉။ မော်ဒကဲနှင့်ဧသတာကဲ့သို့ယုဒလူများသည် ကျွန်ခံသောနေရာ၌ကျန်ရစ်ခြင်းသည် အပြစ်ဖြစ်သလော။
သူတို့သည် အသင်းတော်တည်ရှိသောနေရာယေရုရှလင်မြို့၊ ဗိမာန်တော်နှင့် ဘုရားသခင်၏ကတိတော်ကို စိတ်ဝင်စားမှုမရှိခြင်းကြောင့်အပြစ်ဖြစ်ပါသည်(ဟေဗြဲ၊ ၁၁း၈-၁၀၊ ၁၃-၁၆၊ထွက်၊ ၂၅း၂၂၊ရှုသ ၁း၁-၆၊ ၁၉-၂၁)
၁၀။ ဤသမိုင်းအဖြစ်အပျက်မှ မည်သည့်သင်ခန်းစာကို ကျွန်ုပ်တို့ရရှိနိုင်ကြသနည်း။
ဘုရားသခင်သည် သူ၏လူများအပေါ် ဂရုဏာထားသည်ကိုငှင်း၊ သူသည် အပြစ်ရှိသောလူများကိုပင် သူ၏အသင်းတော်ကယ်တင်ရန်အသုံးပြုနိုင်သည်ကိုငှင်း ကျွန်ုပ်တို့ရရှိနိုင်သည်(ဧသ၊ ၈း၁၊ ၈း၁၅-၉း၅၊ ယေရ ၂၄း၇) ။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ ၁၂၂း၆၊

၆- ယေရုရှလင်မြို့ငြိမ်ဝပ်မည့်အကြောင်းဆုတောင်းကြလော့။ထိုမြို့ကိုမြတ်နိုးစုံမက်သောသူတို့သည် ချမ်းသာရကြပါစေသော။



## သင်ခန်းစာ (၂၄)
## ခါနာန်လူမျိုးများတွင်အပြစ်ရှိကြောင်းထင်ရှားလာခြင်း

၁။ ယုဒလူမျိုးများအားယေရုရှလင်မြို့ရိုးတည်ဆောက်ရန်နှင့် ဘုရားသခင်အပေါ်သစ္စာရှိရန်အတွက် အားပေးတိုက်ရန် ဘုရားသခင်က မည်သူ့ကိုစေလွှတ်ခဲ့သနည်း။
ကျမ်းတတ်ပုဂ္ဂိုလ်ဧဇရနှင့် ဘုရင့်ခွက်ဖလားကိုင်ဆောင်သူနေဟမိတို့ကိုစေလွှတ်ခဲ့သည်(နေဟ၊၂း၁၇-၁၈၊ ၃၊ ၄း၆၊ ၈)။
၂။ ယုဒလူများသည် ယေရုရှလင်မြို့သို့ပြန်လှည့်လာခဲ့ကြသောအခါဘုရားသခင်၏စကားကိုနာခံခဲ့ကြသလော။
မကြာမီသူတို့ကြားတွင် ဆိုးသောသူများပေါ်ပေါက်လာခဲ့သည်ကိုတွေ့ရှိရသောကြောင့် သူတို့သည် ဘုရားသခင်၏စကားကို နာခံမှုမရှိကြတော့ပေ။
၃။ ယုဒလူမျိုးများသည် မည်သည့်အပြစ်ကို ကျူးလွန်ခဲ့ကြသနည်း။
သူတို့သည် တပါးအမျိုးသားများနှင့်အိမ်ထောင်ပြုခဲ့ကြပြီး၊ ဥပုသ်နေ့တွင်အရောင်းအဝယ်ပြုခဲ့ကြသည်(နေဟ၊ ၁၃း၁၆၊ ၂၃)။
၄။ ယဇ်ပရောဟိတ်များသည် မည်သည့်အပြစ်ကို ကျူးလွန်ခဲ့ကြသနည်း။
အချို့သောယဇ်ပရောဟိတ်များသည် တပါးအမျိုးသားများနှင့်အိမ်ထောင်ပြုခဲ့ကြပြီး၊ ယဇ်ပရောဟိတ်အရာကို ဖျက်ဆီးခဲ့ကြသည်(နေဟ၊ ၁၃း၂၂၊ ၂၈-၂၉၊ နှင့်ဧဇ၊ ၉း၁-၃)။
၅။ ဤအချိန်တွင် ပရောဖက်ဟဂ္ဂဲသည် ယုဒလူမျိုးများအား အဘယ်ကြောင့် ဆုံးမခဲ့သနည်း။
ယုဒလူမျိုးများသည် ဘုရားသခင်၏ဗိမာန်တော်ထက် သူတို့နေထိုင်သောအိမ်များကို လှပစွာတည်ဆောက်ခဲ့ကြသောကြောင့်ဖြစ်သည်(ဟဂ္ဂဲ၊ ၁း၁-၅)။
၆။ ပရောဖက်မာလခိသည် မည်သည့်အပြစ်အတွက် လူတွေကို ပြစ်တင်ခဲ့သနည်း။
သူတို့သည် ဆယ်ဘို့တစ်ဘို့နှင့်အလှူဒါနများမမှန်ကန်ခြင်းအားဖြင့် ဘုရားသခင်၏ဥစ္စာများခိုးယူခဲ့ကြသည်ဟု ပြစ်တင်ခဲ့သည်(မာလ ၃း၈)။
၇။ ယုဒလူမျိုးများနှင့်အတူနေထိုင်သောလူဆိုးများက ကျွန်ုပ်တို့အား မည်သည့်အရာကို သွန်သင်ခဲ့သနည်း။
ခရစ်တော်အားဖြင့်ဘုရားသခင်ကတိပြုသော ကောင်းချီးမင်္ဂလာရရှိရန် ကျွန်ုပ်တို့သည် မထိုက်တန်သည်ဟူသောအရာကို သွန်သင်ခဲ့သည်(မာလ၊ ၇)။
၈။ ဤဆိုးသွမ်းသောလူများက ကျွန်ုပ်တို့အား အခြားမည်သည့်အရာကို သွန်သင်သနည်း။
ဘုရားသခင်၏ကျေးဇူးတော်ကြောင့်ခရစ်တော်ကြွလာခြင်းဖြစ်သည်ဟု သွန်သင်ထားသည်။
၉။ အချို့သောဣသရေလလူမျိုးများ၏နောင်တရခြင်းသည် မည်သည့်အရာကို သိစေသနည်း။
ကျန်ရစ်သောသူများသည် ခရစ်တော်ကြွလာမည့်အချိန်ကို စောင့်မျှော်ရန် ဘုရားသခင်သည် သူ၏ကတိတော်အပေါ်မှာ သစ္စာရှိကြောင်းသိစေသည်(မာလ၊ ၃း၁၆)။
၁၀။ ဘုရားသခင်သည် မာလခိအားဖြင့် သူ၏ကတိသစ္စာစောင့်ထိန်းမှုကိုမည်ကဲ့သို့ဖွင့်ပြခဲ့သနည်း။
သူက “ငါသည်ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။ ထိုကြောင့်၊ ယာကုပ်အမျိုးသားတို့၊ သင်တို့သည် ဆုံးရှုံးခြင်းသို့မရောက်ကြ”ဟု ပြောခဲ့သည်(မာလ ၃း၆)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ ၁၂၂း၇-၉

၇- သင်၏မြို့ရိုးအတွင်း၌ငြိမ်ဝပ်ခြင်း၊ သင်၏ဗိမာန်တို့၌ချမ်းသာခြင်းရှိပါစေသော။
၈- သင်၌ငြိမ်ဝပ်ခြင်းရှိပါစေသောဟုငါသည်ညီအစ်ကိုအတွက်၊အဆွေခင်ပွန်းတို့အတွက်ပြောဆိုပါမည်။
၉- ငါတို့ဘုရားသခင်ထာဝရဘုရား၏အိမ်တော်ကို ထောက်၍သင်၏အကျိုးကိုရှာပါမည်။

## သင်ခန်းစာ (၂၅)
## ခရစ်တော်ကြွလာရန် ပြင်ဆင်ခြင်း

၁။ ဂ္ရိသရေလလူမျိုးများသည် ကျွန်ဘဝမှပြန်လာခဲ့ကြသောအခါ ဘုရင်ရှိခဲ့ကြသလော။
ဂ္ရိသရေလလူမျိုးများကို ကုရှနှင့်ဂရိလူမျိုးများကအုပ်ချုပ်ပြီး၊ သခင်ယေရှုခေတ်ကာလတွင် ရောမ
အင်ပါယာကအုပ်ချုပ်ခဲ့သည်(လုကာ၊ ၃း၁၊တမန်၊ ၂း၉-၁၁)။

၂။ ဤအချိန်တွင်ယုဒလူမျိုးများသည် မိမိကိုယ်ကို အုပ်ချုပ်ခဲ့ကြသလော။
မက်ကဘီ(စ်)(Maccabees)ခေါ်ယုဒလူတစ်ယောက်က သူတို့ကိုအုပ်ချုပ်ခဲ့သည်။

၃။ ခါနာန်ပြည်သို့ပြန်လာခဲ့ကြပြီးနောက် မည်သို့သောကိုးကွယ်ခဲ့ကြသနည်း။
ယုဒလူမျိုးများသည် ဥပုသ်နေ့တွင်တရားဇရပ်၌ပညတ်တော်ကိုဖတ်ရှုလေ့လာရန်နှင့်ဆုတောင်းရန်
စုရုံးခဲ့ကြသည်(မဿဲ၊ ၆း၅၊ ၉း၃၅)။

၄။ ခါနာန်ပြည်သို့ပြန်လာသည့်အချိန်မှခရစ်တော်ကြွလာသည့်အထိ မည်သည့်အမှုများဖြစ်ပျက်ခဲ့သနည်း။
ညှဥ်းပန်းနှိပ်စက်မှုနှင့် ဗိမာန်တော်ညစ်ညမ်းစေမှုများဖြစ်ပျက်ခဲ့သည်။

၅။ ဆိုးသောဘုရင်များကယုဒလူမျိုးများသတ်ဖြတ်ခဲ့ကြသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ယုဒလူမျိုးများသည် ကမ္ဘာနေရာအနှံ့အပြားသို့လူစုကွဲပြီးပို၍ပျံ့နှံ့လာခဲ့ကြသည်(တမန် ၂း၉-၁၁)။

၆။ ဘုရားသခင်သည် အဘယ်ကြောင့်ရောမမင်းဧကရာဇ်က သူ၏လူများကိုအုပ်ချုပ်စေခဲ့သနည်း။
သခင်ယေရှုခရစ်တော်သေပြီးရှင်ပြန်ထမြောက်ပြီးနောက် သတင်းကောင်းသည် ပို၍ဝေးလံသောနေ
ရာသို့ပျံ့နှံ့စေရန်အတွက်ဖြစ်သည်(တမန်၊ ၁၀း၁-၈၊ ရောမ၊ ၁၅း၂၃-၂၅)။

၇။ ထိုအမှုက သတင်းကောင်းကိုမည်ကဲ့သို့ပျံ့နှံ့စေနိုင်ခဲ့သနည်း။
လောကတခွင်လုံးတွင် ဘာသာစကားတစ်ခုတည်းသာရှိသောကြောင့် တမန်တော်များသည် နိုင်ငံတစ်
ခုမှအခြားနိုင်ငံတစ်ခုသို့လွတ်လပ်စွာသွားလာနိုင်ခဲ့ကြသည်။

၈။ ရှိလောမြို့ရောက်သည့်တိုင်အောင် ရာဇလှံတံသည် ယုဒမှမထွက်ခွါရဟု ဘုရားသခင်ကကတိပြုခဲ့သလော။
ကတိပြုခဲ့သည်။ ထိုကြောင့် ဒါဝိဒ်၏အမျိုးအနွယ်များသည် ခရစ်တော်မွေးဖွားသည့်အချိန်တိုင်အောင်
ညှဥ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသည်(လုကာ၊ ၁း၂၇၊ ၃၂၊ ၂း၁-၄)။

၉။ ခရစ်တော်သည် ဒါဝိဒ်၏ပလ္လင်ပေါ်မှာထိုင်မည့် ရှိလောမြို့ကတိတော်ဖြစ်သလော။
ဓမ္မဟောင်းတစ်ခုလုံးတွင် ကယ်တင်ရှင်နှင့်ပတ်သက်သောကတိတော်အားလုံးသည်ခရစ်တော်ကိုရည်
ညွှန်းခြင်းဖြစ်သည်(က၊ ၄၉း၁၀၊ ဟေရှာ၊ ၉း၆-၇)။

၁၀။ သခင်ယေရှုကိုအဘယ်ကြောင့် ရှိလောဟုခေါ်သနည်း။
သူသည် ကျွန်ုပ်တို့ရန်သူများအားလုံးအပေါ်ပြည့်စုံသောအောင်မြင်မှုကိုသိရှိခဲ့ပြီး၊ ကျွန်ုပ်တို့အား ထာဝ
ရငြိမ်သက်ခြင်းကိုပေးခဲ့သောကြောင့်ဖြစ်သည်။(ဟေရှာ ၉း၆၊ ဆာလံ ၂)

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ဆာလံ ၈၉း၁-၄

၁- အကျွန်ုပ်သည် ထာဝရဘုရား၏ကရုဏာတော်ကိုအစဉ်အမြဲသီချင်းဆိုပါမည်။ကိုယ်တော်၏သစ္စာ
ကိုလူမျိုးအဆက်ဆက်တို့အားဟောပြောမြွက်ဆိုပါမည်။

၂- ကရုဏာတော်သည်အစဉ်အမြဲတည်ရပါ၏။ သစ္စာတော်ကိုကောင်းကင်၌ခိုင်ခံမြဲမြံစေတော်မူသည်
ဟုအကျွန်ုပ်သဘောကျပါ၏။

၃- ကိုယ်တော်မိန့်တော်မူသည်ကား၊သင်၏အမျိုးအနွယ်ကိုအစဉ်မပြတ်ငါမြဲမြံစေမည်။

၄- သင်၏ပလ္လင်ကိုလည်းလူမျိုးအဆက်ဆက်တည်စေမည်ဟုငါရွေးကောက်သောသူနှင့်ငါသည်ပဋိ
ညာဉ်ဖွဲ့၍ငါ၏ကျွန်ဒါဝိဒ်အားကျိန်ဆိုခြင်းကိုပြုပြီ။